ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်၊ သောကြာနေ့၊ (16-3-2012) (၇၀၆၆)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွင်ဒ် အာနီဖာ အာမန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများတက်ရောက်ကြပြီး ဧည့်သည်တော် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံအမတ်ကြီး H.E. Dr.Ahmad Faisal Bin Muhamad လည်း တက်ရောက်သည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုတိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွင်ဒ် အာနီဖာ အာမန် အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွင်ဒ် အာနီဖာ အာမန်အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

အင်တာနက် သိပ္ပံသုတေသန သတင်း

ပင့်ကူမျှင် တယောကြိုး ဂျပန်သုတေသနပညာရှင်ဖန်တီး

တိုကျို မတ် ၁၅

ပင့်ကူမျှင်ထောင်ပေါင်းများစွာကို ကျစ်၍ ဖန်တီးထားသော တယောတူရိယာကြိုးသည် ဂီတပညာရှင်များ နှစ်သက်လောက်သည့် အသံအင်အားမျိုးထုတ်ပေးနိုင်ကြောင်း ဂျပန်သုတေသနပညာရှင်တစ်ဦးက မတ် ၅ ရက်တွင် ပြောကြားခဲ့သည်။

ပင့်ကူမျှင်တစ်မျှင်နှင့်တစ်မျှင်အကြား လေဟာနယ်မဖြစ်ပေါ်စေရန် ကျစ်ယူခြင်းဖြင့် အစဉ်အလာသုံးစွဲမြဲဖြစ်သည့် သားရေနှင့် သံမဏိကြိုးမျှင်များကဲ့သို့ပင် နူးညံ့ကြည်လင်သော ဂီတသံမျိုးထွက်ပေါ်စေနိုင်ကြောင်း ဂျပန်နိုင်ငံ နာရာဆေးဘက်ဆိုင်ရာတက္ကသိုလ်မှ သုတေသနပညာရှင် ရှိဂို ယိုရှိ အိုဆာကီက ပြောကြားခဲ့သည်။

ဘီဘီစီသတင်းဌာန၏ အဆိုအရ အိုဆာကီသည် ပင့်ကူမျှင်များ၏ ဂုဏ်သတ္တိများအား လက်တွေ့အသုံးချနိုင်မည့် နည်းနာများကို ထုတ်ဖော်နိုင်ခဲ့ပြီး လက်တွေ့အသုံးချနိုင်ရေးအတွက် သုတေသနလုပ်ငန်းများ စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။

သုတေသနပညာရှင် အိုဆာကီသည် အရေအတွက်အားဖြင့် ၃၀၀၀ မှ ၅၀၀၀ အကြားရှိသည့် ပင့်ကူမျှင်များအား ကြိုးမျှင်အဖြစ် ကျစ်ယူ၍ နောက်တစ်ဖန် ယင်းကြိုးမျှင်မျိုးသုံးကြိုးကို ထပ်မံ၍ကျစ်ယူကာ တယောကြိုးအဖြစ် ဖန်တီးခဲ့သည်။

ပင့်ကူမျှင် တယောကြိုးများသည် လက်ခံနိုင်လောက်သည့် အသံအင်အားမျိုးကို ထုတ်ပေးနိုင်ပြီး ဂီတသစ်တစ်မျိုးအား ဖန်တီးပေးနိုင်ကြောင်း တယောတူရိယာပညာရှင်အများအပြားက ပြောကြားခဲ့သည်။

အင်တာနက်။

ယနေ့ သတင်းအညွှန်း

လုပ်အားခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ကျွန်များကဲ့သို့ ရောင်းဝယ်နေကြခြင်းမှာ ယနေ့ အများဆုံးတွေ့ရသော လူကုန်ကူးမှုပုံစံတစ်မျိုးဖြစ်လာ

ပြည်တွင်းသတင်း စာမျက်နှာ ၉

စွန်အလုပြိုင်ပွဲနှင့် စွန်ဖြတ်ပြိုင်ပွဲများ ရန်ကုန်မြို့ ကျိုက္ကဆံကွင်း၌ ကျင်းပမည်

ပြည်တွင်းသတင်း စာမျက်နှာ ၁၀

ဝင်ငွေအကောင်းဆုံး ဂီတပညာရှင်များစာရင်းတွင် တေလာဆွစ်ဖ် ထိပ်ဆုံးမှ ရပ်တည်

အနုပညာသတင်း စာမျက်နှာ ၆

လီဗာပူးမှ ဆွာရက်ဇ် ပြင်သစ်ကလပ် ပီအက်စ်ဂျီသို့ ပြောင်းရွှေ့ကစားလို

အားကစားသတင်း စာမျက်နှာ ၁၀

ကြေးမုံစာတည်းရှုထောင့်

၁၆-၃-၂၀၁၂[သောကြာနေ့]။

မှန်မှန်ဖတ်၊ မှန်မှန်ပြော၊ မှန်မှန်ရေး

ယနေ့မြန်မာလူငယ်များအတွက် ပညာခေတ်သည် ယခင်ခေတ်ကာလနှင့်မတူ သိသာစွာ ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရသည်။ ခေတ်တစ်ခေတ် စနစ်သစ်တစ်ခုသည် လူငယ်ပညာရေးလောကအတွက် အပြောင်းအလဲတစ်ခုပင်ဖြစ်သည်။ လွတ်လပ်ရေးရပြီး နှစ်ပေါင်း ၆၀ ကျော်ကာလ ဆယ်စုနှစ် နှစ်ခုစာ သုံးကြိမ် အပြောင်းအလဲကာလအတွင်း လူငယ်လူရွယ်တို့၏ အင်္ဂလိပ်စာတတ်မြောက်မှု အတိုင်းအတာသည်လည်း သုံးမျိုးသုံးစားဖြစ်လာခဲ့သည်။

ခေတ်စနစ်၏ အစမ်းသပ်ခံ လူငယ်လူရွယ်များအဖို့ ပညာရေးစနစ်နှင့်အညီ ခေတ်အလိုက် အင်္ဂလိပ်စာတတ်သူ၊ မတတ်သူများ ပေါ်ထွက်လာခဲ့သည်။ ပထမဆယ်စု နှစ်ခုတွင် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာကျောင်း၊ အင်္ဂလိပ်ဘာသာသက်သက်ကျောင်းတို့ရှိခဲ့ရာ ထိုခေတ် ထိုကာလ ကျောင်းသားကျောင်းသူများ၏ အင်္ဂလိပ်စာအဆင့်အတန်း မည်မျှရှိသည်ကို အားလုံးသိကြမည်ဖြစ်သည်။ ထို့နောက် ဒုတိယဆယ်စု နှစ်ခုတွင် စာသင်ကျောင်းများ၌ အင်္ဂလိပ်ဘာသာမှလွဲ၍ ကျန်ဘာသာရပ်များကို မြန်မာလိုသင်ကြားရမည်ဟု သတ်မှတ်လိုက်ရာ ထိုခေတ်၏လူငယ်များ အင်္ဂလိပ်စာအဆင့်အတန်း မည်မျှရှိမည်ကိုလည်း ခန့်မှန်းနိုင်ကြမည် ဖြစ်သည်။

ခေတ်စနစ်၏အမွေခံမှာ ထိုခေတ် ထိုကာလမှ လူငယ်လူရွယ်များသာဖြစ်သည်။ ဒုတိယခေတ် လူငယ်လူရွယ်များအနက် အချို့မှာ ကိုယ်ပိုင်အစွမ်းအစဖြင့် ကြိုးပမ်းကြ၍ ထူးချွန်သူများလည်းရှိသည်။ အများစုမှာ ဘွဲ့လက်မှတ်သာရသော်လည်း အင်္ဂလိပ်စာမတတ်ဖြစ်ကြရသည်။ ယနေ့မျက်မှောက်ကာလတွင် များစွာ ပြောင်းလဲခဲ့သည်။ မူလတန်းအဆင့်တွင်ပင် အင်္ဂလိပ်စာကိုသင်ကြားနေကြပြီဖြစ်၍ နောင်တစ်ခေတ်တွင် အင်္ဂလိပ်စာကျွမ်းကျင်သော လူငယ်လူရွယ်များ အမြောက်အမြားပေါ်ထွက်တော့မည်။

တစ်ခါက တစ်ဦးတစ်ယောက်တည်းဆုံးဖြတ်ချက်ဖြင့် အစမ်းသပ်ခံခေတ်လူငယ်ဘဝများသည် အဟောသိကံဖြစ်ခဲ့ရသည်။ ယနေ့ အပြောမဟုတ်အလုပ်နှင့်သက်သေပြကြသည်။ အကြံကောင်း ဉာဏ်ကောင်းများဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြသဖြင့် ခေတ်စနစ်သည် သစ်လွင်တောက်ပလာပြီ။ အရာရာတွင် အင်္ဂလိပ်စာကျွမ်းကျင်မှုကို ထည့်သွင်းဆုံးဖြတ်ကြခြင်း၊ ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်ခြင်း၊ မွမ်းမံသင်တန်းများဖွင့်လှစ်ခြင်းတို့သည် အနာဂတ်အတွက် အလားအလာကောင်းများပင်ဖြစ်သည်။

ပညာ၏အရင်းအမြစ်မှာ အခြေခံပညာပင်ဖြစ်ရာ အခြေခံပညာကျောင်းသားလူငယ်များအား အင်္ဂလိပ်စာသင်ကြားပေးရုံသာမက စွမ်းရည်ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ ရက်သတ္တတစ်ပတ်လျှင် နေ့တစ်နေ့ကို အင်္ဂလိပ်စကားပြောနေ့အဖြစ် သတ်မှတ်ပေးခြင်း၊ ကျောင်းဝင်းအတွင်း အင်္ဂလိပ်ဘာသာဖြင့်သာ ပြောဆိုရန် ကြပ်မတ်လေ့ကျင့်ပေးခြင်းတို့သည် ယနေ့ခေတ်လူငယ်များအတွက် စနစ်ကောင်းများပင်ဖြစ်သည်။

ခေတ်စနစ်မည်မျှကောင်းသည်ဖြစ်စေ အင်္ဂလိပ်စာတတ်မြောက်လိုသူများသည် ပညာဗဟုသုတရှာမှီးလိုသော ဆန္ဒပြင်းပြရဦးမည်။ ကျောင်းသင်ပညာတစ်ခုတည်းဖြင့် မလုံလောက် ပညာဗဟုသုတနှင့်ပတ်သက်သမျှ စိတ်ဝင်စားမှု များရမည်။ သို့မှသာ အင်္ဂလိပ်စာ မှန်မှန်ဖတ်၊ မှန်မှန်ရေး၊ မှန်မှန်ပြောသော အလေ့အကျင့်ခိုင်မြဲ၍ နိုင်ငံ၏အနာဂတ်၊ မိမိတို့၏ ရည်ရွယ်ချက်များ အောင်မြင်မည်ဖြစ်ကြောင်း အလေးအနက် သတိပြုသင့်သည်ဟု ရှုမြင်ပါသည်။ ။

ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းအား IMF မစ်ရှင်အဖွဲ့တွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်သူ့လွှတ်တော် ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းအား IMF Legal Department မှ ကျွမ်းကျင်မှုနည်းပညာအကူအညီပေးရေး မစ်ရှင်အဖွဲ့ခေါင်းဆောင် Assistance General Counsel Mr. Barend Jansen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံရာတွင် ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမောင်မောင်စိုး၊ ဦးမြင့်လွင်နှင့် ဒေါက်တာစိုင်းကျော်အုန်းတို့ တက်ရောက်ကြပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေ(မူကြမ်း)နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဖွဲ့စည်းပုံအသစ်ရေးဆွဲရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နယ်ပယ်ကဏ္ဍအလိုက် ရှုထောင့်အသီးသီးမှ သုံးသပ်ဆွေးနွေးကာ အမြင်ချင်းဖလှယ်ကြပြီး အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က ကျွမ်းကျင်မှုနှင့် နည်းပညာအကူအညီများ ပေးအပ်သွားနိုင်မည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်သောင်းအား IMF Legal Department မှ ကျွမ်းကျင်မှု နည်းပညာအကူအညီ ပေးရေး မစ်ရှင်အဖွဲ့ခေါင်းဆောင် Assistance General Counsel Mr. Barend Jansen ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး မိတ္ထီလာမြို့နယ်ရှိ စာစစ်ဌာနများ လှည့်လည်ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် မိတ္ထီလာမြို့ အမှတ်(၂)၊ အမှတ်(၁)နှင့် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများသို့သွားရောက်၍ သင်္ချာဘာသာရပ်ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား တွေ့ဆုံမှာကြားခဲ့သည်။

အလားတူ အမှတ်(၃)အခြေခံပညာဦးစီးဌာန တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးအောင်ချိန်သည် ယမန်နေ့ နံနက်ပိုင်းတွင်ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အင်းစိန်မြို့နယ် အမှတ်(၁၂) အခြေခံပညာအလယ်တန်းကျောင်း၊ မရမ်းကုန်းမြို့နယ် အမှတ်(၄)၊ စမ်းချောင်းမြို့နယ် အမှတ်(၂)၊ ဒဂုံမြို့နယ် အမှတ်(၃)နှင့် ကြည့်မြင်တိုင်မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း စာစစ်ဌာနများသို့သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၅ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၇၇၅၄	၀. ၀၃၂၅၉
တရုတ် (ယွမ်)	၆. ၃၃၂၉၄	၀. ၁၅၇၉၀
အိန္ဒိယ (ရူပီး)	၅၀. ၃၇၇၁	၀. ၀၁၉၈၅
မလေးရှား (ရင်းဂစ်)	၃. ၀၅၈၇၈	၀. ၃၂၆၉၃
စင်ကာပူ (ဒေါ်လာ)	၁. ၂၆၄၈၉	၀. ၇၉၀၆၂
ဂျပန် (ယန်း)	၈၃. ၃၂၉၉	၀. ၀၁၂၀၀
တောင်ကိုရီးယား(ဝမ်)	၁၁၂၇. ၀၅	၀. ၀၀၀၈၉
ယူရို	၀. ၇၆၅၈၈	၁. ၃၀၅၆၈
ဗြိတိသျှ (ပေါင်)	၀. ၆၃၈၂၀	၁. ၅၆၆၉၁

အင်တာနက်။

ရန်ကုန်မြို့တွင်း ညအချိန် ကားပြိုင်မောင်းနေခြင်းများ ရှိနေဆဲဖြစ်

ရန်ကုန် မတ် ၁၅

ရန်ကုန်မြို့တော်အတွင်း ညအချိန်တွင် ကားပြိုင်မောင်းနေခြင်း၊ အရှိန်ပြင်းမောင်းနှင်နေခြင်းတို့ ရှိနေဆဲဖြစ်ကြောင်း သတင်းရရှိသည်။

ရန်ကုန်မြို့တွင်း ညအချိန် ယာဉ်အသွားအလာရှင်းသော လမ်းမကြီးများပေါ်တွင် ကားပြိုင်မောင်းမှုများ ရှိနေဆဲဖြစ်ကြောင်း စီးတီးတက္ကစီယာဉ်မောင်းများနှင့် ကိုယ်တွေ့ကြုံသူများ၏ ပြောကြားချက်အရ သိရသည်။ အပြိုင်မောင်းနှင်မှုနှင့် အရှိန်ပြင်းမောင်းနှင်နေမှုကြောင့် ယာဉ်မတော်တဆ ဖြစ်ပွားမှုလည်းရှိခဲ့သည်ဟု သိရသည်။

"အချိန်းအချက်လုပ်ပြီး ကားတွေပြိုင်မောင်းနေကြတာ ထင်တယ်။ ညသန်းခေါင် လမ်းရှင်းတဲ့အချိန်တွေမှာတင် မကဘူး။ ည ၉ နာရီ၊ ၁၀ နာရီလောက်ကိုလည်း အရှိန်ပြင်းမောင်းနေတာတွေ တွေ့နေရတယ်။ အဲဒီအချိန်တွေမှာ ပြိုင်မောင်းတာ၊ အရှိန်ပြင်းမောင်းတာတွေကို ကြည့်လိုက်ရင် ပြိုင်ကားအမျိုးအစား ကိုယ်ပိုင်ကားငယ်လေးတွေ များတယ်။ တက္ကစီတွေလည်းပါတယ်။ တက္ကစီတွေကတော့ မနက်အစောကြီး အဝေးပြေးဝင်းကနေ ခရီးသည် ရလာပြီးရင် နောက်ဆက်တိုက်ဝင်လာမယ့် ကားတွေမှာ ခရီးသည် ပြန်ရအောင်ဆိုပြီး အမြန်မောင်းကြတာ။ ပြိုင်မောင်းနေတာတွေကြောင့် အပြစ်မဲ့သွားလာနေသူတွေ မဆီမဆိုင် ထိခိုက်ရတာကတော့ မကောင်းဘူးပေါ့ဗျာ။ ကိုယ်က ဆင်ခြင်နေပေမယ့် တစ်ဖက်က မှားလို့ လာတိုက်တဲ့အခါ နှစ်ဦးနှစ်ဖက် ဆုံးရှုံးရတာပဲ။ ထိထိရောက်ရောက်လေး စစ်ဆေးအရေးယူပေးသင့်ပါတယ်ဗျာ" ဟု ညဆိုင်းမောင်းနှင်နေသော စီးတီးတက္ကစီယာဉ်မောင်းတစ်ဦးက ပြောသည်။

ညအချိန်တွင် အရှိန်ပြင်းမောင်းနှင်ခြင်း၊ အပြိုင်အဆိုင်မောင်းနှင်ခြင်းအပြင် မီးပွိုင့်အချက်ပြစနစ်များကိုလည်း လိုက်နာမှုမရှိကြဟု သိရသည်။

"ကမ္ဘာအေးစေတီလမ်းပေါ်က ဆီဒိုးနားဟိုတယ် ရှေ့နားမှာ သုံးလေးခေါက်ပတ်ပြီးပြိုင်မောင်းနေကြတာ။ ပြိုင်ကားသုံးစီးနဲ့ ဆလွန်းကားတစ်စီး၊ မောင်းတဲ့အရှိန်က မြန်တော့ နံပါတ်တောင် မမှတ်နိုင်ဘူး၊ အဲဒီအချိန် ဟိုတယ်ရှေ့ အင်းယားကန်ပေါင်မှာလည်း လုံခြုံရေးအရ စောင့်ကြပ်နေတဲ့ ရဲတပ်ဖွဲ့တွေလည်း ရှိနေပါတယ်။ မောင်းတဲ့သူတွေကလည်း ခပ်ငယ်ငယ်တွေပဲဖြစ်မယ်။ ဒါတွေကို ထိထိရောက်ရောက် ကြပ်မတ်သင့်ပါတယ်။ ညဘက်ကားမောင်းတဲ့သူတွေအတွက် အဲဒီကားတွေကိုပဲ သတိထားနေရတယ်" ဟု စီးတီးတက္ကစီယာဉ်မောင်းတစ်ဦးက ကြုံတွေ့ခဲ့ရသည်များကို ပြန်လည်ပြောပြခဲ့သည်။

(ဝဝ၁)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၆-၃-၂၀၁၂ (သောကြာနေ့)

၇း၁၀ တရားတော်

၇း၂၅ မှတ်တမ်း

၇း၄၀ ဇာတ်လမ်းတို

၈း၁၅ ဇာတ်လမ်းတို

၄း၂၀ ဇာတ်လမ်းတို

၄း၄၀ လျှပ်တစ်ပြက်

၅း၂၅ လည်မယ်. . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်

၆း၃၀ 'ရွှာ'ဟာသဇာတ်လမ်းတွဲ (အပိုင်း-၁၄၀)

-မစားရတဲ့အမဲ (ကျော်ဇေသော်၊ လွင်ဘုန်းအောင်၊ ပန်းသော်တာနှင့် သရုပ်ဆောင်များ)

၆း၄၅ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား

၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**

-ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၆၂)

နိုင်ငံရေးပါတီများဟောပြောချက်

-လားဟူအမျိုးသားဖွံ့ဖြိုးရေးပါတီ

-ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ

-ယနေ့ရန်ကုန်မြင်ကွင်းစုံ

-(၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

-သံစဉ်များနှင့်ကမ္ဘာ

-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်" (အပိုင်း-၅)

-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သမုဒယနှောင်ကြိုး"(အပိုင်း-၁၂)

လူငယ်ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းဖွင့်ပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

ညောင်တုန်း မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဆင်ထုံးကျေးရွာအုပ်စု ကြိမ်ပင်ဆည်ရွာ အလယ်တန်းကျောင်းမှ ဆရာဦးညီညီလတ် ဦးဆောင်ကျင်းပသော ဒုတိယအကြိမ်မြောက် နွေရာသီ လူငယ်ယဉ်ကျေးလိမ္မာ မင်္ဂလာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကြိမ်ပင်ဆည်ရွာ အလယ်တန်းကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၄ ရက်က ကျင်းပသည်။

သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ပြီး အဆိုပါအခမ်းအနား၌ စာရေးဆရာ စေတနာလှိုင် (ရေစကြို)က "စကားချိုသာ ပြောတတ်ပါစေ" ခေါင်းစဉ်ဖြင့် စကားပြောနည်းကို လည်းကောင်း၊ ကျောင်းဆရာ ဦးစောမောင်စိုး (ငြိမ်း)က "အထက်နေပါဦး၊ အောက်လုံအောင်ဖုံး" ခေါင်းစဉ်ဖြင့် လူ့သိက္ခာ ကိုယ်ကျင့်တရားများကို လည်းကောင်း ဟောပြောကြကြောင်း သိရသည်။**(ယာပုံ)** (ကြေးမုံ)

စာပေမြင့်မှ လူမျိုးတင့်မည်

◆ပြည်ထောင်စုလွှတ်တော်မှ

ဇမ္ဗူသီရိ Sport Complex တည်ဆောက်ခြင်းလုပ်ငန်း၏ လုပ်ငန်းပမာဏ(၂၀ ဒသမ ၉၃)ရာခိုင်နှုန်း လျှော့ချရန်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန လုပ်ငန်းများ၏ လုပ်ငန်းပမာဏ (၂၈ ဒသမ ၇၄) ရာခိုင်နှုန်း လျှော့ချရန်၊ စက်မှုလယ်ယာဦးစီးဌာနလုပ်ငန်းများ၏ လုပ်ငန်းပမာဏ (၆၅ ဒသမ ၈၉) ရာခိုင်နှုန်းလျှော့ချရန်၊ စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း၊ အမှတ်(၂)အထွေထွေအကြီးစားစက်မှုလုပ်ငန်းတို့၏ လုပ်ငန်းပမာဏ (၅)ရာခိုင်နှုန်းလျှော့ချရန်၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန စက်မှုစီမံကိန်းဦးစီးဌာန လုပ်ငန်းများ၏ လုပ်ငန်းပမာဏ (၁၀၀)ရာခိုင်နှုန်း ဆိုင်းငံ့ရန်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး၊ ရေအားလျှပ်စစ်စီမံရေးဦးစီးဌာန၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းတို့၏ လုပ်ငန်းပမာဏ (၁၀ ဒသမ ၄၅)ရာခိုင်နှုန်းလျှော့ချရန်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးရုံး၊ လျှပ်စစ်စွမ်းအားဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့တို့၏ လုပ်ငန်းပမာဏ(၉ ဒသမ၉၃) ရာခိုင်နှုန်းလျှော့ချရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ လမ်းတံတား ဦးစီးလုပ်ငန်းတို့၏ လုပ်ငန်းပမာဏ (၃၀ ဒသမ ၁၉) ရာခိုင်နှုန်းလျှော့ချရန်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားလုပ်ငန်းများ၏ လုပ်ငန်းပမာဏ(၇ ဒသမ ၉)ရာခိုင်နှုန်းလျှော့ချရန်တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် လွှတ်တော်က သဘောတူဆုံးဖြတ်ခဲ့ကြောင်း သိရှိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီ ၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို မတ်လ ၁၆ ရက် နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများအတွက် ဆေးဝါးများလှူဒါန်းပွဲ ကျင်းပ

နေပြည်တော် မတ် ၁၅

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာန ရှစ်ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၃၅ ခုတို့အတွက် ဆေးဝါးများ လှူဒါန်းပွဲအခမ်းအနားကို မတ် ၁၁ ရက် နံနက် ၈ နာရီတွင် မြိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ကျေးလက်ကျန်းမာရေးဌာနများအတွက် ဆေးဝါးများလှူဒါန်းကြကာ စေတနာရှင်များနှင့် တာဝန်ရှိသူများက ကျေးလက်ကျန်းမာရေးဌာနခွဲများအတွက် ဆေးဝါးများ လှူဒါန်းကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မျက်စိရောဂါ ခွဲစိတ်ကုသမှုခံယူထားသူများတွင် တပ်ဆင်ထားရှိသည့် မျက်စိမှန်ဘီလူး၏အပေါ်လွှာ (Capsule) များ ပြန်လည်စစ်ဆေးခြင်းနှင့် ကျန်ရှိနေသည့် မျက်စိဝေဒနာရှင်များအား ထပ်မံခွဲစိတ်ကုသနိုင်ရေးအတွက် စစ်ဆေးစမ်းသပ်ပွဲသို့တက်ရောက်၍ ဝေဒနာရှင်များအား အားပေးနှုတ်ဆက်ခဲ့သည်။

မတ် ၁၃ ရက်တွင် စစ်ဆေးစမ်းသပ်ပွဲအောင်ပွဲအခမ်းအနားသို့တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က Myanmar Eye Center မျက်စိအထူးကုဆေးခန်းမှ Dr. Therese Worstmann ၊ ဒေါက်တာဝင်းကျော်နှင့် ဆရာဝန်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြပြီး တာဝန်ရှိသူများက ဌာနဆိုင်ရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာ တိုက် နှင့် ကြေးနန်း ဝန်ကြီး ဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းထွန်း နှင့် ဇနီးတို့ မြိုင်မြို့နယ် ကျန်းမာရေး ဦးစီးဌာနအောက်ရှိ ကျေးလက်ကျန်းမာရေးဌာနများအတွက် ဆေးဝါးများ လှူဒါန်းကြစဉ်။

(သတင်းစဉ်)

ကျေးလက်မှ တစ်အိမ်ထောင်သုံး ရေအားလျှပ်စစ်

ရာမည-သွေးမွန်

နောင်ချိုမြို့နယ် တောင်ဘက်ခြမ်းရှိ ကံကြီးကျေးရွာကြီးမှတစ်ဆင့် ၁၅ မိုင်ခန့်လှမ်းသော ခေါင်သည်ဟုဆိုရမည့် နောင်တောအုပ်စု ခဲလယ်ရွာသို့တိုင် ဆိုင်ကယ်ဖြင့် ခရီးကြမ်းနှင်၍ ရောက်ရှိစဉ် ကျေးရွာရှိအိမ်ခြေအတော်များများတွင် တစ်အိမ်ထောင်သုံး ရေအားလျှပ်စစ်(ဒိုင်နမို)ငယ်များ တွေ့ခဲ့ရသည်။

အမြင်အားဖြင့် ခေါင်သည်ဟုဆိုရသော်လည်း လျှပ်စစ်ကိုငွေကုန်ကြေးကျအနည်းဆုံးဖြင့် ရယူသုံးစွဲနိုင်ကြသဖြင့် ခေါင်သည်ဟု မဆိုနိုင်တော့ပါ။ ကမ္ဘာနှင့်အဝန်းဖွံ့ဖြိုးပြောင်းလဲတိုးတက်နေမှုများကို မိနစ်စက္ကန့်မလပ် သိမြင်နိုင်ကြသော Information ကိရိယာများအဖြစ် ရုပ်မြင်သံကြားကိုကြည့်ရှုနိုင်ကြပြီဖြစ်သည်။ မိမိတို့လိုအပ်သလို ပါဝါအနိမ့်အမြင့်၊ ဝပ်အားအတိုင်းအတာအမျိုးမျိုး တရုတ်ရေအား လျှပ်စစ်စက်များ အကြီးအသေး ဤရွာတွင် အတော်များများရှိနေသည်ဟု ဆိုပါသည်။

မိမိသွားရောက်တွေ့ဆုံသည့် သူငယ်ချင်းနေအိမ်နှင့် အိမ်နီးချင်းအိမ်မှာပင် နှစ်လုံးသုံးလုံးတွေ့ခဲ့ရသည်။ ရေစီးရေလာရှိသော စိုက်ခင်းနံဘေး ရေစီးမြောင်းလေးရှိနေလျှင်ပင် ရေအားလျှပ်စစ်အငယ်စား ရယူထုတ်လုပ်နိုင်သောကြောင့် နည်းပညာအထူးအထွေတတ်ကျွမ်းစရာမလိုဘဲ တစ်ဦးနှင့်တစ်ဦး တောရပ်ဓလေ့ အတွေ့အကြုံဖလှယ်ကာ လုပ်ကိုင်တပ်ဆင်ကြခြင်းဖြင့် မရှိမဖြစ်ရေအားလျှပ်စစ်အား ရယူသုံးစွဲနေကြသည်ကို ပီတိဖြစ်ဖွယ်တွေ့မြင်ခဲ့ရသည်။

အမှန်ကိုဆိုရလျှင် ဤကျေးရွာသို့ မိမိရောက်စက မလေ့လာမိဘဲ ခေါင်လှ၊ မှောင်လှသော ဝန်းကျင်တွင် ဘဝကို ဇာတ်မြှုပ်အဆုံးသတ်ခေါင်းချတော့မည့် မိမိကဲ့သို့ နိုင်ငံ့ဝန်ထမ်းပင်စင်စား ရန်ကုန်သား သူငယ်ချင်းအတွက် စိတ်မချမ်းမြေ့ခဲ့ပါ။ စိုက်ခင်းကျယ်အလယ်ရှိ သူငယ်ချင်းအိမ်သို့ ရောက်ရှိပြီး နေညိုပြီးခါမှ ရေစီးသံမှတစ်ဆင့် ရေစီးအားဖြင့် လျှပ်စစ်မီးရောင်များတွေ့ရှိကာ မိမိ၏အတွေးများ လွဲမှားနေခဲ့သည်ကို သုံးသပ်မိပါသည်။ ထိုမှတစ်ဆင့် မိမိ၏သူငယ်ချင်းသည် ယနေ့ကျေးလက်နေပြည်သူတို့၏ လူနေမှုဘဝကို ကိုယ်စားပြုထင်ဟပ်လျက်ရှိကြောင်း ဆိုလိုက်ချင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ကော့မှူးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်း တိုးချဲ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် မတ် ၁၃ ရက် နံနက်ပိုင်းတွင် ကော့မှူးမြို့နယ်သို့ သွားရောက်ပြီး တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲလမ်း ပိန္နဲကုန်းကျေးရွာအပိုင်း လမ်းသားတိုးချဲ့ခြင်းဆောင်ရွက်နေမှု၊ ကော့မှူးမြို့ တာလမ်းသစ်ရပ်ကွက်၌ ရေဂါလန် ၃ ဒသမ ၂ သန်းဆံ့ မြို့ရေပေးဝေရေး ရေကန်တည်ဆောက်ပြီးစီးမှုနှင့် လက်ခိုက်ကျေးရွာလမ်းပိုင်း ပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့မနိမ္မိတာရုံ ပရိယတ္တိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရေဝတအား ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ဝါးသခ်ကျေးရွာ၌ ကျောင်းသစ်ကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒောဘာသအား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ပြည်သူများနှင့် ဒေသ၏ လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်တို့က တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူများက ဒေသ၏လိုအပ်ချက်များကိုတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်အား မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Maj. Gen Anup Kumar Chakma, ndc, psc သည် မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာပို့လုပ်ငန်းများ ဆန်းစစ်

မန္တလေး မတ် ၁၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော စာပို့တိုက်လုပ်ငန်း၊ အမြန်ချောပို့လုပ်ငန်း၊ စာဝေလုပ်ငန်းများနှင့် ပတ်သက်၍ သုံးစွဲသူပြည်သူများ တွေ့ကြုံနေရသော အခြေအနေများနှင့် ပတ်သက်သည့် ဆန်းစစ်မေးခွန်းလွှာများကို ရန်ကုန်၊ မန္တလေးမြို့ကြီးများရှိ ဆက်သွယ်ရေးစခန်းများတွင် လာရောက်ဆောင်ရွက်သူများအား ဖြေဆိုစေပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရုံးချုပ်သို့ ပေးပို့ကာ ဝန်ဆောင်မှုပိုမိုကောင်းမွန်စေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၆၅၃)

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်အား ဧည့်အဖွဲ့ တွေ့ဆုံ

ရန်ကုန် မတ် ၁၅

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းအား စင်ကာပူသမ္မတနိုင်ငံ P.L GLOBAL IMPEX PTE LTD VIMPEX LIMITED Managing Director Naresh Kumar Dinodiya ဦးဆောင်သောအဖွဲ့သည် မတ် ၁၄ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ပဲခူးတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နိုင်ခွင့်အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (သတင်းစဉ်)

ဘေးအန္တရာယ်ကြိုတင်ကာကွယ်သင့်

ရေစကြို မတ် ၁၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ်(၆)ရပ်ကွက်နှင့် တစ်ဖာလုံခန့်အကွာ ရေစကြို-တမာတန်းတာပတ်လမ်း ရေထိန်းတံခါးတည်ဆောက်ရန် ဆောင်ရွက်ထားသည့် ၁၀ ပေခန့်နက်သော တာပြတ်အတွင်း မတ် ၇ ရက် ည ၉ နာရီခန့်က ဆိုင်ကယ်ရောလူပါ အရှိန်လွန်ထိုးကျရာမှ ဟိန်းဇော် အသက်(၁၈)နှစ်မှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာဖြင့် နေရာတွင် သေဆုံးသွားခဲ့သည်။

အဆိုပါ အန္တရာယ်ရှိသောနေရာတွင် သက်ဆိုင်ရာက ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန်အတွက် အကာအရံဖြင့် ဆောင်ရွက်ထားသည်ကို မတ် ၁၀ ရက်က တွေ့မြင်ရသည်။**(အပေါ်ပုံ)** (ဖေထွဏ်းဇော်-ရေစကြို)

ပြည်နယ်အဆင့် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)အသိပေးဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၁၅

ကချင်ပြည်နယ် ပြည်နယ်အဆင့် အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း (၂၀၁၂)အသိပေးဆွေးနွေးပွဲကို မတ် ၈ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းချစ်ဦးက အမှာစကားပြောကြားပြီး ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ဦးက ပြည်နယ်အတွင်း ဆောင်ရွက်မည့် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း(၂၀၁၂)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်၊ခရိုင်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးကျော်လွင်အား NEDA President ဦးဆောင်သောအဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်အား အိမ်နီးချင်းနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (NEDA) President Mr. Acksiri Buranasiri ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်ရေးအတွက် နည်းပညာနှင့် ဘဏ္ဍာရေးဆိုင်ရာ အထောက်အကူများ ပံ့ပိုးနိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

မြန်မာအမျိုးသားကွန်ဂရက်ပါတီက
၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၅

မြန်မာအမျိုးသားကွန်ဂရက်ပါတီဥက္ကဋ္ဌ ဦးကောင်းမြင့်ထွဋ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မြန်မာ့နိုင်ငံရေးအခင်းအကျင်း ပွင့်လင်းတိုးတက်လာတဲ့အချိန်အခါမှာ မြန်မာပြည်သူလူထုအပေါင်းကို အခုလို ထိတွေ့ဟောပြောခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်လို့ ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော်တို့ဟာ မြန်မာအမျိုးသားကွန်ဂရက်ပါတီ ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ မြန်မာ့နိုင်ငံရေးအကျပ်အတည်းကာလများမှာ ပြည်သူလူထုနဲ့ ဝမ်းနည်းလျှင်လည်း အတူ၊ ဝမ်းသာလျှင်လည်းအတူ နိုင်ငံရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ကြသူများ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ ရွေးကောက်ပွဲနည်းလမ်းအားဖြင့်သာ နိုင်ငံရေးသမားများ၊ နိုင်ငံရေးပါတီများက တိုင်းပြည်ကို ကောင်းမွန်စွာ ဦးဆောင်နိုင်လိမ့်မယ်လို့ ကျွန်တော်တို့က ယုံကြည်ပါတယ်။

ပြည်သူ့ဆန္ဒကိုခံယူတဲ့ ရွေးကောက်ပွဲလမ်းစဉ်မဟုတ်ဘဲ အခြားသောနည်းလမ်းအားဖြင့် တိုင်းပြည်အာဏာကို ရယူဆောင်ရွက်ခြင်းများဟာ မဆီလျော်တဲ့အတွက် ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်က ဆန့်ကျင်ပါတယ်။

အခုလို ရွေးကောက်ပွဲနည်းလမ်းအားဖြင့် တိုင်းပြည်က လိုလားချစ်ခင်တဲ့ နိုင်ငံရေးသမားများ ပေါ်ထွက်လာနိုင်ဖို့ဟာ အလွယ်တကူ ရရှိခဲ့တာမဟုတ်ပါဘူး။

ပြည်သူအများသိရှိပြီးဖြစ်ကြတဲ့အတိုင်း ရွေးကောက်ပွဲနည်းလမ်းဟာ ကြိမ်ဖန်များစွာ အတိုက်အခိုက်ခံခဲ့ရပါတယ်။ ပုတ်ခတ်ဝေဖန်ခံခဲ့ရပါတယ်။

အပြောင်းအလဲတစ်ရပ်ကို မျှော်လင့်တောင့်တခဲ့ကြတဲ့ ပြည်သူလူထုဟာ ဘယ်သူ့စကားနားထောင်ရမှန်းမသိအောင် တွေဝေမှားယွင်းခဲ့ကြရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အသီးသီးမှာ တပ်မတော်ရဲ့ ပါဝင်ပတ်သက်ခွင့် တစ်စုံတစ်ရာရရှိမှုအပေါ်မှာလည်း ဝေဖန်ပုတ်ခတ်မှုများစွာရှိခဲ့ပါတယ်။

ကျွန်တော်တို့ပါတီဟာ ပါတီတည်ထောင်ခွင့်မရခင် ကာလများစွာကတည်းက မိမိတို့ ချစ်မြတ်နိုးတဲ့ မြန်မာနိုင်ငံတော်ရဲ့ တည်ငြိမ်တဲ့ နိုင်ငံရေးအခင်းအကျင်း ပေါ်ပေါက်စေဖို့ လုံ့လဥဿာဟ ပြုခဲ့ကြသူများဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘာကြောင့် လေးစားစွာ လိုက်နာစေချင်ပါသလဲ။

ရွေးကောက်ပွဲနည်းလမ်းကို ဘာကြောင့် အောင်မြင်စေချင်ရသလဲ ဆိုတာကို အနည်းငယ် ရှင်းလင်းတင်ပြချင်ပါတယ်။

အခုလက်ရှိ နိုင်ငံရေးအခင်းအကျင်းအပေါ် ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်က ရှုမြင်သုံးသပ်တာကတော့-

(၁) အမျိုးသားရေးအကျိုးစီးပွားကို ရှေးရှုခြင်းသည်သာလျှင် မြန်မာနိုင်ငံသားများအတွက် သင့်လျော်တယ်။

(၂) မြန်မာနိုင်ငံအတွင်းမှာ မှီတင်းနေထိုင်ကြသူအားလုံးဟာ မြန်မာနိုင်ငံသားများဖြစ်ကြတယ်။ ဒါ့ကြောင့် မည်သည့်အဖွဲ့အစည်းကဖြစ်စေ၊ မည်သည့်နိုင်ငံရေးအရိပ်အောက်ကဖြစ်စေ၊ မည်သည့်ကိုးကွယ်ယုံကြည်မှုပဲရှိစေ မြန်မာနိုင်ငံသားအချင်းချင်း ငြင်းခုန်ရန်ဖြစ်နေကြခြင်းဖြင့် ဘာအကျိုးကျေးဇူးမှမရှိ။

(၃) မြန်မာ့တပ်မတော်ဟာ တိုင်းပြည်ရဲ့ အင်အားကြီးမားတဲ့ အမျိုးသားရေးအစိတ်အပိုင်းတစ်ရပ်ဖြစ်ပါတယ်။ တပ်မတော်ဟာ တိုင်းပြည်ကို စောင့်ရှောက်ဖို့ ရည်သန်တဲ့ အရင်းခံစိတ်ဓာတ် အသေအချာရှိတယ်။ ဒါ့ကြောင့် ဒီမိုကရေစီခြေလှမ်းကို အခုမှ စတင်ဖို့ကြိုးစားနေတဲ့ မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍကို လေးစားစွာ နေရာပေးဖို့ လိုနေပါသေးတယ်။

(၄) မြန်မာနိုင်ငံသားများဟာ ဒီမိုကရေစီနည်းလမ်းကျကျ ရွေးကောက်ပွဲကို အတွေ့အကြုံနည်းလွန်းနေပါသေးတယ်။ ဒါ့ကြောင့် အပင်ကိုစိုက်ဖို့ အားမထုတ်ဘဲ အသီး သီးချိန်ကျမှ သူရဲကောင်းလုပ်ပြီး ဆွတ်ယူပြချင်တဲ့ ညံ့ဖျင်းသော နိုင်ငံရေးသမားအချို့ကို လာမယ့်ရွေးကောက်ပွဲမှာ ပြည်သူလူထုက သတိရှိရှိ တွန်းလှန်နိုင်ဖို့ လိုအပ်ပါတယ်။ ကျွန်တော် အလေးအနက်ထားပြီး ထပ်မံတင်ပြလိုပါတယ်။ အပင်ကိုစိုက်ဖို့ အားမထုတ်ဘဲ အသီး သီးချိန်ကျမှ သူရဲကောင်းလုပ်ပြီး ဆွတ်ယူပြချင်သူများကို သတိရှိရှိ တွန်းလှန်ကြပါ။

နံပါတ် (၅)နဲ့ နောက်ဆုံးအချက်ကတော့

မြန်မာ့ဒီမိုကရေစီအရေးဟာ မြန်မာနိုင်ငံသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ အာဃာတတွေနဲ့ မြန်မာ့နိုင်ငံရေးရဲ့ အနာဂတ်ကို မညစ်နွမ်းစေသင့်ပါဘူး။ တိုင်းပြည်ရဲ့ အနာဂတ်ကို ဘယ်ပုံစံနဲ့ပဲသွားသွား အရေးအကြီးဆုံးက မြန်မာနိုင်ငံသားတိုင်းဟာ မိမိတို့ မှီတင်းနေထိုင်နေတဲ့ မြန်မာ့မြေကို တန်ဖိုးထားဖို့ လိုအပ်နေပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့အလယ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ တင့်တင့်တယ်တယ် ဝင့်ထည်စေနိုင်ဖို့ တိုင်းပြည်အတွက် အမှန်တကယ် အကျိုးကျေးဇူးပြုစေနိုင်တဲ့ နိုင်ငံရေးလုပ်ရှားဆောင်ရွက်သူများကို ပြည်သူတွေက မွေးထုတ်ဖို့လိုအပ်ပါတယ်။

ဒီလိုဆောင်ရွက်နိုင်ဖို့ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို စီရင်မယ့် နိုင်ငံရေးသမားများဟာ ပြည်သူအတွက်ဆိုရင် အမှန်ကိုပြောရတဲ့အခါ၊ အမှန်ကို လုပ်ရတဲ့အခါတွေမှာ မိမိတို့ကိုယ်ကျိုးစီးပွားကို စွန့်လွှတ်အနစ်နာခံရဲတဲ့သူတွေကို ပြည်သူက သတိကြီးစွာ ရွေးချယ်တတ်ဖို့ လိုအပ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ဒီလိုရွေးချယ်နိုင်ဖို့ ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်က ရွေးကောက်ပွဲနည်းလမ်းသည်သာလျှင် မြန်မာ့နိုင်ငံရေးအခင်းအကျင်းရဲ့ တစ်ခုတည်းသော အဖြေပဲလို့ တစိုက်မတ်မတ် တိုက်တွန်းပြောကြားနေတာ ဖြစ်ပါတယ်။

မြန်မာအမျိုးသားကွန်ဂရက်အနေနဲ့ အခုလို နိုင်ငံပိုင်ရေဒီယိုနဲ့ ရုပ်မြင်သံကြားအစီအစဉ်တွေကနေ ပြည်သူကို ဟောပြောတင်ပြခွင့်ရရှိတဲ့အတွက်၊ အခုလို ထိတွေ့ခွင့်ရရှိတဲ့အတွက် မျက်ရည်ကျမတတ် ဝမ်းနည်း ဝမ်းသာဖြစ်ရပါတယ်။

အခုလို ရရှိတဲ့အခွင့်အရေးကို ကျွန်တော်တို့ပါတီက ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးမှုတစ်ရပ်အနေနဲ့ အသုံးမချရက်ပါဘူး။

နိုင်ငံ့သူ နိုင်ငံ့သားတိုင်းဟာ အမျိုးသားရေးသတိနဲ့ တိုင်းပြည်ကို တည်ဆောက်နိုင်စွမ်းရှိမှ နိုင်ငံတိုးတက်မှာ ဖြစ်ပါတယ်။

အခုလာမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူဟာ မိမိနှစ်သက်ရာ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်များကို ရွေးချယ်နိုင်ကြပါတယ်။

ဒီလို ရွေးချယ်ခွင့်ကိုရရှိဖို့ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက ပေးဆပ်ခဲ့ရမှုတွေအတွက် အသိအမှတ်ပြုရင် ကျေနပ်ပါတယ်။

ဒါဟာပြည်သူအများ လိုချင်တောင့်တနေခဲ့တဲ့ ဒီမိုကရေစီပါပဲ။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မြန်မာအမျိုးသားကွန်ဂရက်ဟာ လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်နဲ့ မရမ်းကုန်းမြို့နယ်တို့မှာ ဝင်ရောက်အရွေးချယ်ခံဖို့ ကြိုးစားအားထုတ်ထားပါတယ်။

မြန်မာအမျိုးသားကွန်ဂရက်ကို မကြိုက်မနှစ်သက်ဘူးဆိုရင် ပြည်သူအများက မဲမပေးကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ မြန်မာအမျိုးသားကွန်ဂရက်ဟာ ကြီးကျယ်ခံ့ညားတဲ့ နိုင်ငံရေးပါတီကြီးတစ်ရပ် မဟုတ်ပါဘူး။ ပါတီရဲ့ မူဝါဒနဲ့ ဖော်ပြချက်များဟာလည်း အခြား အခြားသော နိုင်ငံရေးပါတီများလိုပဲ ထူးမခြားနား ရေးသားဖော်ပြထားတာပဲဖြစ်ပါတယ်။ မြန်မာအမျိုးသားကွန်ဂရက်ဟာ ဘဏ္ဍာငွေတောင့်တင်းတဲ့ ပါတီကြီးတစ်ရပ်လည်းမဟုတ်ပါဘူး။

မြန်မာအမျိုးသားကွန်ဂရက်ဟာ ပြည်သူတွေအကြားမှာ ထင်ရှားကျော်ကြားမှုလည်း မရှိပါဘူး။ ဒါ့ကြောင့် စောစောကအချက်တွေကိုပဲ နှစ်သက်လိုလားကြတယ်ဆိုရင် မြန်မာအမျိုးသားကွန်ဂရက်ကို မဲမပေးသင့်ကြပါဘူး။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မြန်မာအမျိုးသားကွန်ဂရက်ဟာ မြန်မာပြည်သူ အများစုလိုပဲ ဘယ်သူပဲ လွှတ်တော် ကိုယ်စားလှယ်ဖြစ်ဖြစ် တိုင်းပြည်တည်ငြိမ် အေးချမ်းတာကို လိုလားသူများဖြစ်ပါတယ်။ ဘယ်သူပဲ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဖြစ် ပြည်သူတွေရဲ့ စား၊ ဝတ်၊ နေမှုအဆင်ပြေလုံခြုံမှုကို လိုလားသူများဖြစ်ပါတယ်။ ဒါ့အပြင် ဘယ်သူပဲ လွှတ်တော်ကိုယ်စားလှယ်ဖြစ်ဖြစ် နိုင်ငံရေးကို စိုက်လိုက်မတ်တတ် ဆက်လက်ဆောင်ရွက်သွားမယ့်သူများဖြစ်ပါတယ်။

မြန်မာအမျိုးသားကွန်ဂရက်ပါတီဝင်များဟာ ရိုးသားခြင်း၊ သတ္တိရှိခြင်း၊ ကိုယ်ကျိုးစွန့်ခြင်း၊ တာဝန်ယူဆောင်ရွက်ခြင်း အစရှိတဲ့ နိုင်ငံရေးခေါင်းဆောင်ကောင်းတို့ရဲ့ အရည်အသွေးများကိုသာ လေးစားသူများဖြစ်ပါတယ်။ ပြည်သူအများကလည်း ဒီအတိုင်းရှိကြမယ်လို့ ယုံကြည်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မြန်မာအမျိုးသားကွန်ဂရက်ပါတီဟာ အပင်စိုက်သူသာဖြစ်ပါတယ်။ အသီးအပွင့်ကို နှစ်သက်သလို ဆွတ်ယူအသုံးချတာကို ကျေနပ်ပီတိဖြစ်နေသူများသာ ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်နဲ့ မရမ်းကုန်းမြို့နယ် အပါအဝင် မြန်မာပြည်တစ်နံတစ်လျားမှာရှိကြတဲ့ မိဘပြည်သူအပေါင်းကို နောက်ဆုံးအချက် အရေးအကြီးဆုံးအချက်တစ်ချက်ကို တင်ပြလိုပါတယ်။ ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်ပါတီက ပြောတာကိုလည်း မျက်စိစုံမှိတ်ပြီး မယုံကြပါနဲ့။ အင်မတန်နုနယ်သေးတဲ့ သန္ဓေသားကို စောင့်ရှောက်သလို မြန်မာ့ဒီမိုကရေစီအရေးကို စောင့်ရှောက်ကြပါ။ အစစအရာရာကို မိမိတို့ကိုယ်တိုင် ချင့်ချိန်စဉ်းစားပြီးမှ မိမိတို့ရဲ့ နှစ်ရှည်လကြာအတွေ့အကြုံအရပ်ရပ်နဲ့ မိမိတို့ကိုယ်တိုင်နှိုင်းယှဉ်သုံးသပ်ပြီးမှ မိမိတို့ရဲ့ ဘဝအခြေအနေမှန်များကိုမိမိတို့ကိုယ်တိုင်လေ့လာဆင်ခြင်ပြီးမှ လာမယ့်ကြားဖြတ်ရွေးကောက်ပွဲမှာ ပြည်သူ့ဘက်က ရှိနေတဲ့ပြည်သူ့တာဝန်ကို ထမ်းဆောင်ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်။

ကျွန်တော်တို့ မြန်မာအမျိုးသားကွန်ဂရက်ကလည်း လက်ရှိနိုင်ငံရေးအခင်းအကျင်းရဲ့ လိုအပ်ချက် အနှစ်သာရများဖြစ်တဲ့ ပြည်တွင်းစစ် လုံးဝချုပ်ငြိမ်းရေး၊ အမျိုးသားရေးအကျိုးစီးပွားများဟာ တိုင်းတစ်ပါးနိုင်ငံများရဲ့ အမှီအခိုကင်းကင်း အောင်မြင်ဖြစ်ထွန်းရေးနဲ့ ကမ္ဘာ့နိုင်ငံရေးဇာတ်ခုံမှာ မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူများရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေး အခြေခံအဆောက်အအုံများ ဝင့်ထည်တောက်ပနိုင်စေရေးအတွက် ပြည်သူအကြားမှာ ရေနဲ့ ငါးပမာ တစ်သားတည်းနေထိုင်ပြီး ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မြန်မာပြည်သူလူထုအပေါင်းတို့ခင်ဗျား-

ဘယ်သူပဲ မဲနိုင်သည်ဖြစ်စေ မြန်မာ့ဒီမိုကရေစီအရေး အောင်ပွဲဆိုတာ မြန်မာ့အမျိုးသားရေးအင်အားစု အလုံးစုံပါဝင်ပြုံးပျော်နိုင်ပါမှ ဒီမိုကရေစီအရေး အောင်ပွဲအစစ်အမှန် ဖြစ်နိုင်ပါတယ်လို့ နိဂုံးချုပ် ပြောကြားအပ်ပါတယ် ခင်ဗျား။

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်ဆိပ်ကမ်းမြို့နယ်နဲ့ မရမ်းကုန်းမြို့နယ် အပါအဝင် မြန်မာပြည်သူလူထုအပေါင်း ကံကြမ္မာကောင်းများနဲ့သာ အစဉ်ကြုံတွေ့နိုင်ပါစေ။

မြန်မာနိုင်ငံတော်ရဲ့ အနာဂတ်အတွက် စိတ်နှလုံး ရွှင်လန်းချမ်းမြေ့နိုင်ကြပါစေ။

TV Guide စာစောင် ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၅

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ ၃၊ အမှတ် ၆ ကို ယနေ့ စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်း TV Guide စာစောင်တွင် MRTV-4 နှင့် ဆက်စပ်ရုပ်သံလိုင်းများတွင် မကြာမီထုတ်လွှင့်ပြသမည့် အစီအစဉ်သစ်များဖြစ်သည့် ခေတ်သစ်ပို့စ်၊ ချန်ပီယံလေးများ၊ ငါးတန်းနှင့်ပြိုင် ဘယ်သူနိုင်၊ အိပ်မက်ဆုရာ၊ Golden Minute၊ Before Kick Off စသည့် အစီအစဉ်သစ်များနှင့် ယင်းအစီအစဉ်များတွင် ပရိသတ်များ ပါဝင်ဆင်နွှဲနိုင်သည့် အစီအစဉ်များ၊ ရုပ်သံလိုင်းများ၏ အစီအစဉ်အညွှန်းများနှင့် လာမည့်အချိန်များ၊ ရုပ်သံလိုင်းအားလုံး၏ မတ် ၁၆ ရက်မှ ၃၁ ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ မတ် ၁၆ ရက်မှ ၃၁ ရက်အထိ အစီအစဉ် အချိန်ဇယားများ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆၊ Market Care ဖုန်း-၀၁-၂၂၃၉၇၃နှင့် ၀၉-၇၃၀၇၃၀၂၉ တို့သို့ မှာယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)



ဗိသုကာ လက်ရာပြပွဲ ကျင်းပ

ရန်ကုန် မတ် ၁၅

မြန်မာနိုင်ငံဗိသုကာအသင်း (၁၀) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဗိသုကာလက်ရာများပြပွဲဖွင့်ပွဲကို မတ် ၁၅ ရက် နံနက်က ရန်ကုန်မြို့၊ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည်။ (ဓာတ်ပုံ)

ပြည်သူအတွက် ဗိသုကာလက်ရာပြပွဲကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ မြန်မာနိုင်ငံဗိသုကာအသင်း နာယက ဦးသန်းထွန်း၊ ဒေါ်သင်းသင်းအေး၊ ဥက္ကဋ္ဌ ဦးသော်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အတွင်းရေးမှူး ဦးကိုကိုကြီးတို့က ဖွင့်လှစ်ပေးသည်။

မတ် ၁၅ ရက်မှ ၁၈ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပြသမည့် ဗိသုကာလက်ရာများပြပွဲတွင် ဗိသုကာသမိုင်းဆိုင်ရာပြကွက်၊ မြန်မာခေတ်ဦး ဗိသုကာကြီးများ၏ သမိုင်းဝင်လက်ရာများ ပြကွက်နှင့် မှတ်ပုံတင်ဗိသုကာများ၏ လက်ရာ ဒီဇိုင်းများနှင့်အတူ ဆောက်လုပ်ရေးနှင့် ဆက်စပ်ပစ္စည်းများ၊ ဆောက်လုပ်ရေးနည်းပညာ ပြကွက်များကို ပြသထားသည်။(ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၆-၃-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်

ညပိုင်း

၄:၃၀ ၁။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ

၄:၄၅ ၂။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ - တတိယနှစ် (မြန်မာစာ အထူးပြု) (မြန်မာစာ)

၅:၀၀ ၃။ မြန်မာစာ၊ မြန်မာစကား

၆:၂၀ ၄။ ရသစုံလင် အင်တာနက်ဥယျာဉ်

၇:၀၀ ၅။ "(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ (မြန်မာ့ ပုလဲပြခန်း)" (အပိုင်း-၂)

၇:၁၀ ၆။ "ဒီမိုမွေးနေ့" (ရွက်တင်မ၊ နိုင်လူ၊ ဝါးသမ် ရဲမောင်၊ ဇော်ဝင်းနိုင်၊ အေးအေးခိုင်၊ အိမ့်ချွေ) (ဒါရိုက်တာ- အကယ်ဒမီဇော်မြင့်ဦး)

၈:၀၀ ၇။ ပြည်တွင်းသတင်း

၈။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်

၉။ လျှပ်တစ်ပြက်ဟာသများ

၁၀။ နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာအသချေ" (အပိုင်း-၁၅)

အာဖဂန် ၁၆ဦးကို သတ်ဖြတ်ခဲ့သူ အမေရိကန်စစ်သားအား ကူဝိတ်သို့ခေါ်ဆောင်သွားမှု အမတ်များ ဒေါသထွက်

ကဘူး မတ် ၁၅

အာဖဂန်နစ္စတန်နိုင်ငံ၌ အရပ်သူ၊ အရပ်သား ၁၆ဦးအထိကို သတ်ဖြတ်ခဲ့မှုဖြင့် စွဲချက်တင်ခံရသူ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို အမေရိကန်တာဝန်ရှိသူများက ကူဝိတ်နိုင်ငံသို့ လေယာဉ်ဖြင့် ခေါ်ဆောင်သွားခြင်းအတွက် အာဖဂန်ပါလီမန် အမတ်များက ဒေါသဖြစ်လျက်ရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက မတ် ၁၅ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါအမေရိကန်တပ်ဖွဲ့ဝင်ကို အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ ရုံးတင်စစ်ဆေးရန် အမတ်များက လိုလားလျက်ရှိကြသည်။

အာဖဂန်လူမျိုးများကို သတ်ဖြတ်သူအား အမေရိကန်တို့ကသာ တရားစီရင်စစ်ဆေးသွားရန် စီစဉ်လျက်ရှိရာ နှစ်ဖက်တင်းမာမှုများ ပေါ်ထွက်လျက်ရှိသည်။

အကယ်၍ အဆိုပါ အမေရိကန်စစ်သားကို အာဖဂန်နစ္စတန်နိုင်ငံ၌ ရုံးတင်စစ်ဆေးခြင်းမရှိပါက အာဖဂန်အစိုးရအဖွဲ့အနေဖြင့် အမေရိကန်အစိုးရနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခြင်းမပြုသင့်ကြောင်း အမတ်များက တောင်းဆိုလျက်ရှိကြသည်။ ***အင်တာနက်။***

မတ် ၁၄ ရက်က အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာမြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

အိန္ဒိယမီးရထား အခနှုန်းထားများတိုးမြှင့်ခြင်း ထောက်ခံမှုမရ

နယူးဒေလီ မတ် ၁၅

အိန္ဒိယနိုင်ငံတွင် မီးရထားအခနှုန်းထားများကို အနည်းငယ် တိုးမြှင့်သတ်မှတ်မည်ဖြစ်ကြောင်း ကြေညာပြီးသည့်နောက် မီးရထားဝန်ကြီးကို ၎င်း၏ပါတီက အပြစ်တင်ပြောကြားလိုက်သည့်အတွက် ဖရိုဖရဲဖြစ်နေသော အစိုးရအဖွဲ့သည် ပို၍ဖရိုဖရဲဖြစ်လာကြောင်း အေပီသတင်းဌာနက ကြာသပတေးနေ့တွင် ဖော်ပြသည်။

အနောက်ဘင်ဂေါလ်ပြည်နယ် အစိုးရအဖွဲ့ အကြီးအကဲရာထူးများနှင့် မီးရထားဝန်ကြီးဌာနကို ထိန်းချုပ်ထားသည့် အင်အားကောင်းသော ဒေသဆိုင်ရာအုပ်စု တရိုင်နာမိုးလ်ကွန်ဂရက်ပါတီအတွင်းဝယ် ဖော်ပြပါပြဿနာကြောင့် စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်လာခဲ့သည်။

၎င်းအုပ်စုသည် ကွန်ဂရက်ပါတီဦးဆောင်သော အစိုးရအဖွဲ့၏ ဥပဒေပြဋ္ဌာန်းရေး အစီအစဉ်များကို တိုး၍ဆန့်ကျင်လျက်ရှိသည်။ ယင်းအပြုအမူသည် ညွန့်ပေါင်းအစိုးရပြိုကွဲ၍ ရွေးကောက်ပွဲကို စောစီးစွာကျင်းပသည့်အဖြစ်သို့ ဦးတည်သွားစေနိုင်သည်။

ခွင့်မပြုနိုင်

မီးရထားဝန်ကြီး ဒီနက်ချ်ထရီဗီဒီက ရှစ်နှစ်အတွင်း အမြင့်ဆုံးရထားခနှုန်းထားကို ဗုဒ္ဓဟူးနေ့တွင် ပထမဆုံးအကြိမ်ကြေညာခဲ့သည်။ ကွန်ဂရက်ပါတီမှ ထင်ရှားသောနိုင်ငံရေးသမားဖြစ်သူ မာမာတဘာနာဂျီက ယင်းသို့ နှုန်းထားများတိုးမြှင့်ခြင်းကို ခွင့်မပြုနိုင်ကြောင်း ပြောကြားခဲ့သည်။

ဘာနာဂျီက ဝန်ကြီးချုပ် မန်မိုဟန်ဆင်းထံသို့ ဝန်ကြီးထရီဗီဒီကို အခြားလွှတ်တော်အမတ်တစ်ဦးနှင့် အစားထိုး ပေးရန်ကြာသပတေးနေ့က စာတစ်စောင်ပေးပို့ တောင်းဆိုခဲ့သည်။

ဝန်ကြီးချုပ်သည် ရထားဝန်ကြီးကို အစားထိုးခန့်အပ်ရန်ကိစ္စရပ်အား ဆုံးဖြတ်ချက်မချသေးကြောင်း ဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်သို့တင်ပြခဲ့သည်။

အင်အားချည့်နဲ့လာ

ဆင်းအစိုးရသည် အလွဲသုံးစားမှု အရှုပ်တော်ပုံများ ဆက်တိုက်ပေါ်ထွက်လာသဖြင့် အင်အားချည့်နဲ့လာသည့်အပြင် ညွန့်ပေါင်းအစိုးရအတွင်းမှ ပါတီငယ်များ၏ ဆန့်ကျင်မှုများနှင့်လည်း ရင်ဆိုင်နေရပြီဖြစ်သည်။ ***အင်တာနက်။***

ရထားအရေအတွက်နှင့် ခရီးသည်မမျှတသဖြင့် ခရီးဆောင်အိတ်များတင်သည့် တန်းပေါ်မှစီးနင်းကြရသော ခရီးသည်များကို တွေ့ရစဉ်။

‘အီမို’စတိုင် အီရတ်လူငယ် ၁၄ ဦးအား စစ်သွေးကြွများက ခဲဖြင့် ထုသတ်အပြစ်ပေး

ဘဂ္ဂဒက် မတ် ၁၅

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကုန်ဆုံးခဲ့သည့်သီတင်းသုံးပတ်အတွင်း အနောက်တိုင်း ပုံစံ“အီမို”ဆံပင်ပုံစံ၊ အဝတ်အစားများဖြင့် စတိုင်ထုတ်ကြသောလူငယ်များကို ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုအသွင်ဖြင့် အနည်းဆုံး လူငယ် ၁၄ဦးကို သေဆုံးသည့်တိုင် ခဲဖြင့်ထုသတ်ခဲ့ကြကြောင်း လုံခြုံရေးနှင့်ဆေးရုံမှသတင်းပေးသည်ဟု ရိုက်တာသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

ဖော်ပြပါ အပြစ်ပေးစီရင်မှုပြုခဲ့သည့် ရှီယိုက်တို့နေထိုင်ရာ ရပ်ကွက်အတွင်း၌ နောက်ထပ်လူငယ်များကို အမည်နှင့်တကွ စနေနေ့တွင်စာရင်းထုတ်ပြန်၍ ၎င်းတို့၏ပုံစံကို ပြောင်းလဲခြင်း မပြုခဲ့လျှင် အသတ်ခံရမည်ဖြစ်ကြောင်း စစ်သွေးကြွများက ကြေညာခဲ့သည်။

“အီမို”သည် လူ့အဖွဲ့အစည်းအတွင်းမှ သီးခြားစရိုက်ရှိသည့် အဖွဲ့အစည်းငယ်တစ်ခုဖြစ်၍ မကောင်းသောမိစ္ဆာနတ်ဆိုးများဟု ကင်ပွန်းတပ်ကာ ၎င်းတို့ကိုနှိမ်နင်းရန် ရဲတပ်ဖွဲ့သို့ အီရတ်ပြည်ထဲရေးဝန်ကြီးဌာနက လွန်ခဲ့သည့်လ၌ အမိန့်ပေးပြီးနောက် ယင်းကဲ့သို့သတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

“အီမို”သည် အမေရိကန်ပြည်ထောင်စု၌ ရေပန်းစားနေသော ပန့်ဂီတ၏အသွင်အပြင်တစ်ခုဖြစ်သည်။ တင်းကျပ်သော ဂျင်းဘောင်းဘီ၊ ဒီဇိုင်းမျိုးစုံပါသော တီရှပ်၊ ဆံပင်ရှည်ရှည်သို့မဟုတ် ထိုးထိုးထောင်ထောင်ဆံပင်ပုံစံတို့ဖြင့် ဂီတပရိသတ်များကြားတွင် ကျော်ကြားသည်။

ဘဂ္ဂဒက်မြို့အရှေ့ပိုင်းရှိ ဆေးရုံသုံးရုံသို့ ယူဆောင်လာသော လူငယ် ၁၄ဦးသည် ခဲသို့မဟုတ် အုတ်ခဲဖြင့်ထုနှက်၍ သေဆုံးရသည့်လက္ခဏာများ တွေ့ရကြောင်း လုံခြုံရေးနှင့် ဆေးရုံများမှ ရိုက်တာသတင်းဌာနသို့ သတင်းပေးသည်။

အမျိုးသမီးနှစ်ဦးအပါအဝင် လူငယ်ခြောက်ဦးကိုမူ သတိပေးသည့်အနေဖြင့် ဒဏ်ရာရရှိရုံမျှသာ ရိုက်နှက်ခဲ့ဟန်တူကြောင်း လုံခြုံရေးဌာနက ပြောသည်။

လူငယ်များအကြား၌ “အီမို”ပျံ့နှံ့နေသည့်ပြဿနာကို ဆွေးနွေးပညာပေးခြင်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းသင့်ကြောင်း၊ ဤကဲ့သို့ အသက်ဆုံးသည့်တိုင် ခန္ဓာကိုယ်နာကျင်ရန် မလုပ်ဆောင်သင့်ကြောင်း ဩဇာအာဏာအရှိဆုံး ရှီယိုက်ဘာသာရေးခေါင်းဆောင် အဗ္ဗဒူလ်ရာဟင်းအယ်လ်ရီကာဘီက ရိုက်တာသို့ ပြောသည်။ ***အင်တာနက်။***

ဟောင်ကောင်ပင်လယ်သမုဒ္ဒရာဥယျာဉ်၌ ပရိသတ်ဆွဲဆောင်နိုင်မည့် ပြကွက်ဖွင့်လှစ်

ဟောင်ကောင် မတ် ၁၅

တရုတ်နိုင်ငံ အထူးအုပ်ချုပ်ခွင့်ရဒေသ ဟောင်ကောင်ရှိ ပင်လယ်သမုဒ္ဒရာဥယျာဉ်၌ ဧည့်သည်များအား ဆွဲဆောင်နိုင်မည့် ပြကွက်တစ်ခုကို မတ် ၁၅ရက်တွင် ဖွင့်လှစ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ပင်လယ်ရေအောက်လောကကို ပျော်ပျော်ရွှင်ရွှင်လေ့လာကြည့်ရှုနိုင်ရန် အဆိုပါပင်လယ်သမုဒ္ဒရာဥယျာဉ်က ဧည့်သည်များကို ဖိတ်ခေါ်လျက်ရှိသည်။

ဟောင်ကောင်ရိုးရာစားသောက်မှုပုံစံကို ဧည့်သည်များ ခံစားနိုင်စေရန် ဟောင်ကောင်မြို့ဟောင်းဟု အမည်ပေးထားသော ပြကွက်တစ်ခုကို ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

ဗြိတိသျှကိုလိုနီလက်အောက်တွင်ရှိနေခဲ့စဉ်က တည်ရှိခဲ့သော ဟောင်ကောင်မြို့ဟောင်းကို သရုပ်ဖော်ကျူးရန် ပုံသဏ္ဌာန်တူအဆောက်အအုံများကို တည်ဆောက်ထားသည်။

ဟောင်ကောင်မြို့ဟောင်းဧရိယာတွင် ရှေးဟောင်း ဟောင်ကောင်မြို့ပုံစံကို ကြည့်ရှုခံစားနိုင်ပြီး ဟောင်ကောင်သူ၊ ဟောင်ကောင်သားတို့၏ ရိုးရာအစားအစာများကို ရောင်းချပေးမည်ဖြစ်သည်။ ***အင်တာနက်။***

ဟောင်ကောင်ပင်လယ်သမုဒ္ဒရာဥယျာဉ်သို့ အလည်အပတ်လာရောက်သူများအား တွေ့ရစဉ်။

ရာသီဥတုဆိုင်ရာ သဘာဝဘေးကြောင့် အာရှဒေသတွင် နှစ်နှစ်အတွင်း လူ ၄၂ သန်းကျော် အိုးအိမ်မဲ့ဖြစ်

ဗန်ကောက် မတ် ၁၅

ရာသီဥတုနှင့် သက်ဆိုင်နေသော သဘာဝဘေးအန္တရာယ်များကြောင့် အာရှဒေသတစ်ဝန်း၌ လွန်ခဲ့သည့်နှစ်နှစ်တာကာလအတွင်း လူပေါင်း ၄၂သန်းကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)က မတ် ၁၃ရက်တွင်ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြသည်။

အာရှနှင့် ပစိဖိတ်ဒေသသည် ကမ္ဘာပေါ်တွင် သဘာဝဘေးအန္တရာယ်များ အကျရောက်ဆုံးဒေသဖြစ်ကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြသည်။

အိုးမဲ့အိမ်မဲ့ဖြစ်ရ

၂၀၁၀ပြည့်နှစ်တွင် ရာသီဥတုနှင့်ဆက်နွှယ်နေသော သဘာဝဘေးအန္တရာယ်များနှင့် ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် အာရှဒေသတွင် ပြည်သူ ၃၁ဒသမ ၈သန်းခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရကြောင်း၊ ယင်းနှစ်တွင် အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်စဉ်ကို ပါကစ္စတန်နိုင်ငံ တွေ့ကြုံခံစားခဲ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၁ ခုနှစ်တွင် အာရှနိုင်ငံများ၌ သဘာဝဘေးအန္တရာယ်များ ကျရောက်မှုကြောင့် ပြည်သူ ၁၀ ဒသမ ၇ သန်း အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။ ***အင်တာနက်။***

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ ဖိတ်ကြားချက်အရ မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွဒ် အာနီဖာ အာမန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး လည်ပတ်ရန် မတ် ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြပြီး နေပြည်တော်သို့ ယနေ့နံနက်ပိုင်းတွင် ရောက်ရှိကြသည်။

မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟောက်ဒိုဆွမ်၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်၊ အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်း၊ နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစံလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒါတွဒ် အာနီဖာ အာမန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ပြည်သူ့ကျန်းမာရေးတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာနေစိုးမောင်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၆-၃-၂၀၁၂ (သောကြာနေ့)

- ၅း၄၀ "ပဋ္ဌိစ္စသမုပ္ပါဒ်နှင့်လက်တွေ့ဝိပဿနာ" တရားတော် (ဆရာတော်ဘဒ္ဒန္တသောဘန)
- ၁၁း၃၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "ကျွန်တော်နှင့်လွဲသုံးဖော်"
- ၄း၀၀ MNL MYANMAR 2012 (Rakhapura Vs Ayeyawady)(LIVE)
- ၆း၁၅ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း၊ ဒါရိုက်တာမောင်မောင်မြင့်)(အပိုင်း-၅)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံရင်ခုန်သံ" (အပိုင်း-၂၃)**
- ၇း၃၅ Fashion Week (မိတ်ကပ်ခင်စန်းဝင်း)(အပိုင်း-၁)
- ၈း၃၀ Myanmar Cooking Master (ပွဲစဉ်-၄)
- ၉း၂၀ The Shop Around The Corner (Part-45)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့်လေညှန်ရာ" (အပိုင်း-၁၀၀)**
- ၁၁း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၁၅)**
- ၁၂း၄၅ VJ Choice
- ၁း၃၀ World of Knowledge
- ၂း၂၅ **သတင်းကောင်း** (သျှားညို၊ ဆုပန်ထွာ၊ ပွင့်)(ဒါရိုက်တာ-ညိုမင်းလွင်)
- ၂း၄၅ အိုက်ကီဒိုနှင့်သမီးပျို

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ထိုင်းနိုင်ငံအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မတ် ၁၅

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ထိုင်းနိုင်ငံအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌ Miss. Pikulkeaw Krairiksh ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီဆောင်(၁) အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးနှင့်အတူ အတွင်းရေးမှူး ဦးကိုကိုထွန်း၊ ကော်မတီဝင်များဖြစ်ကြသည့် ဦးကျော်မြင့်၊ ဦးအောင်ဆန်း၊ ဦးထွန်းအောင်ကျော်၊ ဒေါက်တာရှိအုပ်၊ ဦးဝင်းဆွေနှင့် ဦးစိုင်းကျောက်တို့ တက်ရောက်ကြပြီး လွှတ်တော်များ ပေါ်ပေါက်လာပုံအဆင့်ဆင့်နှင့် နောက်ခံသမိုင်းအခြေအနေများ၊ လက်ရှိမြန်မာနိုင်ငံတွင် ကျင့်သုံးလျက်ရှိသည့် နိုင်ငံခြားရေးရာ မူဝါဒများ၊ နိုင်ငံတကာ ဆက်ဆံရေးအခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးကြသည်။ (သတင်းစဉ်)

ရှေးဦးပြုစုခြင်းပညာ(အခြေခံ)သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၅

ရှေးဦးပြုစုခြင်းပညာ(အခြေခံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၂) သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၈ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး၊ ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာလှလှကြည်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ သင်တန်းကြီးကြပ်ရေးမှူးများနှင့် နည်းပြဆရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် သင်တန်းသားသင်တန်းသူ ၆၅ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားပြီး ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း၊ သင်တန်းကာလမှာ မတ် ၁ ရက်မှ ၈ ရက် အထိ တစ်ပတ်ကြာ ပို့ချပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး ရှေးဦးပြုစုခြင်းပညာ(အခြေခံ) သင်တန်း အမှတ်စဉ်(၁/၂၀၁၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

(၂၀၁၂)ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

'တစ်သက်တာ တီဘီကင်းဝေးရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး'

World TB Day (2012)

''STOP TB IN MY LIFETIME''

မတ်လ (၂၄)ရက် 24th March

တီဘီရောဂါနှင့် ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေ ၈ ဒသမ ၈ သန်းခန့် ဖြစ်ပွားနေပြီး ၁ ဒသမ ၄၅ သန်းခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀ လျှင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိပါသည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) မိမိကိုယ်တိုင် နှစ်ပတ်ကျော် ချောင်းဆိုးနေပါက နီးစပ်ရာ ကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများတွင် သလိပ်စစ်ဆေးပါ။

(၂) မိမိပတ်ဝန်းကျင်မှ ချောင်းဆိုးနေသူများကိုလည်း သလိပ်စစ်ဆေးဖြစ်အောင် စည်းရုံးတိုက်တွန်း ကူညီဆောင်ရွက်ပေးကြပါ။

(၃) တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးစီးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျ ဆေးသောက်ပါက အမှန်တကယ် ရောဂါပျောက်ကင်းမည် ဖြစ်ပါသည်။

(၄) ကျန်းမာရေးဌာနတိုင်းတွင် သလိပ်စစ်ဆေးနိုင်ပြီး တီဘီရောဂါပျောက်ကင်းသည်အထိ အခမဲ့ ကုသပေးလျက်ရှိပါသည်။

(၅) တီဘီရောဂါဖြစ်ပွားသူများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

၂၀၁၁ ခုနှစ် ဝင်ငွေအကောင်းဆုံး ဂီတပညာရှင်များစာရင်းတွင် တေလာဆွစ်ဖ် ထိပ်ဆုံးမှရပ်တည်

ကျေးလက်သီချင်း အဆိုတော် တေလာဆွစ်ဖ်။

အောဝမ်းစိုး

ကျေးလက်သီချင်းအဆိုတော် တေလာဆွစ်ဖ်သည် ၂၀၁၁ ခုနှစ်အတွင်း ကမ္ဘာ့ဝင်ငွေအကောင်းဆုံး ဂီတပညာရှင်များ စာရင်းတွင် ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၅ ဒသမ ၇သန်းဖြင့် ထိပ်ဆုံးမှရပ်တည်ခဲ့ကြောင်း ၂၀၁၂ ခုနှစ် Billboard ဝင်ငွေအကောင်းဆုံးရသူများစာရင်းတွင် ဖော်ပြထားသည်။

တေလာဆွစ်ဖ်သည် သူမ၏ Speak Now တေးအယ်လ်ဘမ် ရောင်းချရမှုနှင့် အတူ အာရှနှင့် ဥရောပဖျော်ဖြေပွဲများမှ ဝင်ငွေများရရှိခဲ့ခြင်းဖြစ်သည်။ အသက် (၂၂) နှစ်ရှိ တေလာဆွစ်ဖ်၏နောက် ဒုတိယနေရာတွင် အိုင်းရစ်ရော့ခ်ကာအဖွဲ့ U2 က အမေရိကန်ဒေါ်လာ ၃၂ ဒသမ ၁ သန်းဖြင့် ရပ်တည်လျက်ရှိသည်။

တတိယနေရာတွင် ကန်နီချက်စ်နေက အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၈ သန်းဖြင့် လည်းကောင်း၊ စတုတ္ထနေရာတွင် လေဒီဂါဂါက အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၃ သန်းဖြင့် လည်းကောင်း၊ ပဉ္စမနေရာတွင် လီလ်ဝိန်းက အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၁ သန်းဖြင့် လည်းကောင်း ထိပ်ဆုံးငါးနေရာတွင် ရပ်တည်လျက်ရှိသည်။

ဆဋ္ဌမနေရာတွင် ဆိဒ်က အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၃ သန်းဖြင့် လည်းကောင်း၊ သတ္တမနေရာတွင် ဘွန်ဂျိုဗီက အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈ သန်းဖြင့် လည်းကောင်း၊ အဋ္ဌမနေရာတွင် စလင်းဒီယွန်က အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၂ သန်းဖြင့် လည်းကောင်း၊ နဝမနေရာတွင် ဂျက်ဆင်အယ်လ်ဒန်က အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၄ သန်းဖြင့် လည်းကောင်း အသီးသီးရပ်တည်လျက်ရှိကြပြီး ဒသမနေရာတွင် ဗြိတိသျှအဆိုတော် အဒီးလ်က လွန်ခဲ့သည့်နှစ်အတွင်း လည်ချောင်းနာဝေဒနာကြောင့် ဖျော်ဖြေပွဲအချို့ ဖျက်သိမ်းခဲ့ရသော်လည်း အမေရိကန်ဒေါ်လာ ၁၃ ဒသမ သုည သန်းဖြင့် ထိပ်ဆုံးဆယ်ဦးစာရင်းတွင် ပါဝင်ရပ်တည်နိုင်ခဲ့သည်။ ***အင်တာနက်။***

အဆင့်မြင့်နှင့် နည်းပညာများ လက်လှမ်းတမီသင်ယူနိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီးအတွင်း မအူပင်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော တက္ကသိုလ်များ

ဧရာဝတီတိုင်းဒေသကြီးအတွင်း ကွန်ပျူတာနည်းပညာများသင်ကြားနိုင်ရန်အတွက် မအူပင်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ကွန်ပျူတာတက္ကသိုလ်(မအူပင်)(အပေါ်ပုံ)ကို တွေ့ရစဉ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း အဆင့်မြင့်နည်းပညာများသင်ကြားနိုင်ရန်အတွက် မအူပင်မြို့၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ်ပင်မဆောင်(မအူပင်)(ယာပုံ/အောက်ယာပုံ)နှင့် အဆင့်မြင့်တက္ကသိုလ်အင်္ဂါရပ်များနှင့် တည်ဆောက်ဖွင့်လှစ်ပေးထားသော မအူပင်တက္ကသိုလ်အဝင်မုခ်ဦး(အောက်ပုံ)ကို တွေ့ရစဉ်။

သတင်းမှတ်စု-မောင်ငြိမ်းအေး



* နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်းလုံးတွင် ဒေသအလိုက် အဆင့်မြင့်ပညာများ လက်လှမ်းတမီသင်ယူနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခု သတ်မှတ်ပေးပြီး ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်ဖော်ဆောင်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီးမှ ပုသိမ်မြို့နှင့် မအူပင်မြို့တို့လည်း ပါဝင်သည်။

* အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မအူပင်မြို့၌ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တစ်ခုစီ တည်ဆောက်ဖွင့်လှစ်ပေးထားသဖြင့် ဒေသခံလူငယ်များ အိုးမကွာ အိမ်မကွာ အဆင့်မြင့်ပညာကို လွယ်လင့်တကူ သင်ယူလျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား Marubeni Corporation အမှုဆောင်အရာရှိတွေ့ဆုံ

နေပြည်တော် မတ် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းအား Marubeni Corporation အမှုဆောင်အရာရှိ၊ အာဆီယံဆိုင်ရာအမှုဆောင်အရာရှိချုပ်နှင့် Marubeni ASEAN Pte., Ltd. ဦးဆောင်ညွှန်ကြားရေးမှူး Mr. Hiroshi IKUNO နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး**(ယာပုံ)** မြန်မာနိုင်ငံ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှု အခြေအနေများ၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် Marubeni Corporation နှင့် ပူးပေါင်းဆောင်ရွက်မှုများနှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးဝင်းသန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် ဒုတိယအကြိမ် အိမ်ထောင်စုစားဝတ်နေရေး ဘက်စုံလေ့လာမှုစစ်တမ်း(၂၀၀၉-၂၀၁၀) အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၁၅

ရှမ်းပြည်နယ် ဒုတိယအကြိမ် အိမ်ထောင်စုစားဝတ်နေရေး ဘက်စုံလေ့လာမှုစစ်တမ်း (၂၀၀၉-၂၀၁၀) အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၄ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အလုပ်ရုံဆွေးနွေးပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် အဖွဲ့များအား ကျေးဇူးတင်ရှိပါကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကတစ်ဆင့် ပြည်သူများအတွက် အောင်မြင်ဖြစ်ထွန်းမှုများစွာပေါ်ထွန်းလာစေရေး အားလုံးဝိုင်းဝန်း ဆောင်ရွက်ပေးကြရန်တိုက်တွန်းပြောကြားသည်။

ထို့နောက် ဆွီဒင် နိုင်ငံတကာဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုအေဂျင်စီ (SIDA)မှ Mr. Jorgen Schonning က အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘာလင်မြို့၌ကျင်းပသည့် နိုင်ငံတကာခရီးသွားပြပွဲ ဒုတိယဝန်ကြီး ဦးဌေးအောင် တက်ရောက်

နေပြည်တော် မတ် ၁၅

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်သည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ဝင်များ လိုက်ပါလျက် မတ် ၇ ရက်မှ ၁၁ ရက်အထိ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသည့် နိုင်ငံတကာခရီးသွားပြပွဲသို့ တက်ရောက်ခဲ့သည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် ကုလသမဂ္ဂ၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့အစည်း အတွင်းရေးမှူးချုပ် Dr. Taleb Rifai နှင့် တွေ့ဆုံကာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၇ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံခရီးသွားပြခန်းကို သွားရောက်ကြည့်ရှုအားပေးပြီး နိုင်ငံတကာပြခန်းများကို ကြည့်ရှုသည်။ မွန်းလွဲပိုင်းတွင် အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာ မူဝါဒ၊ ရှေ့လုပ်ငန်းစဉ်နှင့် အနာဂတ်အလားအလာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာအောင်မြတ်ကျော်က မြန်မာနိုင်ငံ၏ စိတ်ဝင်စားဖွယ်ရာ ခရီးစဉ်ဒေသနှင့် ဆွဲဆောင်မှုများကို ပြောကြားပြီး မေးမြန်းစုံစမ်းမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ပါလီမန်အမတ်နှင့် ခရီးသွားလုပ်ငန်းတာဝန်ခံ H.E. Mr. Jurgen Klimke အား မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပြခန်း၌ တွေ့ဆုံပြီး နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးသည်။ ဆက်လက်၍ ပါကစ္စတန်ခရီးသွားလုပ်ငန်း၊ အားကစား၊ ယဉ်ကျေးမှု၊ လူငယ်ရေးရာ၊ ရှေးဟောင်းနှင့် ယဉ်ကျေးမှုဌာန အတွင်းဝန် H.E. Syed Akhtar Hussain ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။ မွန်းလွဲပိုင်းတွင် ခရီးသွားလုပ်ငန်း ကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် မတ် ၉ ရက်တွင် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် စပ်လျဉ်း၍ လာရောက်မေးမြန်းကြသည့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ သတင်းမီဒီယာမှ ပုဂ္ဂိုလ်များ၊ လေကြောင်းလိုင်းမှ တာဝန်ရှိသူများအား တွေ့ဆုံပြီး မွန်းလွဲပိုင်းတွင် ခရီးသွားလုပ်ငန်း ကွန်ဖရင့်သို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဘာလင်မြို့၌ ကျင်းပသည့် နိုင်ငံတကာ ခရီးသွားပြပွဲ၌ ရှင်းလင်းပြောကြားစဉ်။(သတင်းစဉ်)

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌအား IMF Legal Department မှ ကိုယ်စားလှယ်အဖွဲ့နှင့် ကမ္ဘာ့ဘဏ်မှ Country Director တို့ သီးခြားစီတွေ့ဆုံ

နေပြည်တော် မတ် ၁၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းအား IMF Legal Department မှကျွမ်းကျင်မှုနည်းပညာ အကူအညီပေးရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဗဟိုဘဏ်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသော နိုင်ငံခြားငွေစီမံခန့်ခွဲမှုဆိုင်ရာ ဥပဒေပြင်ဆင်ရေးဆွဲရေးနှင့် ပတ်သက်၍ ကျွမ်းကျင်မှုနည်းပညာ အကူအညီများ ပေးအပ်နိုင်ရန် အကျယ်တဝင့်ဆွေးနွေးကြသည်။

ထို့အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌအား ကမ္ဘာ့ဘဏ်မှ Country Director Ms. Annette Dixon နှင့်အဖွဲ့သည် ယမန်နေ့မွန်းလွဲပိုင်းတွင် လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

(အပေါ်ပုံ)

တွေ့ဆုံပွဲများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌနှင့်ဌာနကြီးမှူးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗီယက်နမ်ပြပွဲသို့သွား၍ ငါး၊ ပုစွန် မွေးမြူထုတ်လုပ်မှု လေ့လာသွားမည်

ရန်ကုန် မတ် ၁၅

ယခုလအတွင်း ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပမည့် တိရစ္ဆာန်မွေးမြူရေးနှင့် ရေထွက်ပစ္စည်း မွေးမြူရေးဆိုင်ရာ ကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဗီယက်နမ်နိုင်ငံ၏ ငါး၊ ပုစွန်မွေးမြူထုတ်လုပ်မှု အခြေအနေများကို သွားရောက်လေ့လာရန်ရှိကြောင်း သတင်းရရှိသည်။

အဆိုပါခရီးစဉ်အတွက် မတ် ၂၀ ရက်တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာကြမည်ဖြစ်၍ မတ် ၂၅ ရက်တွင် ပြန်လည်ရောက်ရှိမည်ဖြစ်ပြီး သွားရောက်လေ့လာခဲ့သည့် အကြောင်းအရာများကို ပြည်တွင်းမှ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများသိရှိစေရန် ပြန်လည်ဆွေးနွေးသွားမည်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

"ဗီယက်နမ်နိုင်ငံမှာ ပြပွဲသွားတက်ရင် သူတို့ဆီမှာ အောင်မြင်နေတဲ့မွေးမြူထုတ်လုပ်မှုတွေကို လေ့လာသွားမယ်။ အကြမ်းဖျင်းပြောရရင် သူတို့ဆီမှာ အောင်မြင်နေတဲ့ ငါးရံ့မွေးစခန်းတို့၊ ငါးရံ့ကန်တို့၊ ငါးပြေမကန်တို့ကို ဘယ်လိုမွေးသလဲဆိုတဲ့ လေ့လာမှုခရီးစဉ်ကိုလည်း စီစဉ်ထားပါတယ်" ဟု ၎င်းက ရှင်းပြခဲ့သည်။

ယင်းအဖွဲ့ကို မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ဦးဆောင်ပြီး ၎င်းဌာနအောက်တွင်ရှိသော အသင်းအဖွဲ့များနှင့် ပညာရှင်များပါဝင်၍ အဖွဲ့ဝင် ၂၅ ဦးပါဝင်မည် ကြောင်းသိရသည်။

(၆၈၀)

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

နိုင်ငံခြားဇာတ်ကားသစ် SAFE HOUSE ရုံတင်

ရန်ကုန် မတ် ၁၅

ယခုသောကြာပတ် မတ် ၁၆ ရက်တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံဖြစ်သည့် နေပြည်တော်ရုံတွင် နိုင်ငံခြားရုပ်ရှင်ကားသစ် SAFE HOUSE ရုံတင်ပြသမည်ဖြစ်သည်။

အမေရိကန်နိုင်ငံ၏ လျှို့ဝှက်ချက်များကို ပြည်ပသို့ ရောင်းချပြီး ၁၀ နှစ်အကြာတွင် ပြန်လည်ဖမ်းမိခဲ့သော စီအိုင်အေထောက်လှမ်းရေးတစ်ဦး၏ ဘဝကိုဇာတ်လမ်းဆင်ထားသည့်စွန့်စားမှုအသားပေး ဇာတ်ကားဖြစ်သည်။ မြန်မာရုပ်ရှင်ပရိသတ်အကြိုက်မင်းသားတစ်ဦးဖြစ်သော ဒင်ဇယ်ဝါရှင်တန် ပါဝင်သရုပ်ဆောင်ထားရာ လျှို့ဝှက်သည်းဖိုဇာတ်ကားကြိုက်ပရိသတ်များနှစ်သက်မည့် ဇာတ်ကားဖြစ်သည်။

ရှေ့ဆောင်ရုံတွင်မူ ပြသဆဲနိုင်ငံခြားဇာတ်ကားသစ် GHOST RIDER SPIRIT OF VENGEANCE ဆက်လက်ပြသမည်ဖြစ်သည်။

သမ္မတ၊ သွင်နှင့် မင်္ဂလာရုံ၊ မော်တင်ဂျန်းရှင်း JUNCTION SQUARE ရုံများတွင်ပြီးခဲ့သည့် သောကြာနေ့က ရုံတင်ခဲ့သော ဒါရိုက်တာကိုဇော်(အရုဏ်ဦး)၏ မေခင်ကညာဇာတ်ကားဆက်လက်ပြသမည်ဖြစ်သည်။

အိန္ဒိယရုပ်ရှင်ပွဲတော်ကို မတ် ၁၀ ရက်မှ ၁၄ ရက်အထိ ရန်ကုန်နှင့် မတ် ၁၉ ရက်မှ ၂၃ ရက်ထိ မန္တလေးမြို့မရုံတို့တွင် အိန္ဒိယရုပ်ရှင်ကားများ အခမဲ့ပြသမည်ဖြစ်ပြီး မတ် ၂၅ မှ ၂၉ ရက်အထိ ပြင်ဦးလွင်မြို့ ချယ်ရီလွင် ရုပ်ရှင်ရုံတွင် အိန္ဒိယရုပ်ရှင်ကားများပြသမည်ဖြစ်သည်။

မေခင်ကညာဇာတ်ကားသစ်မှ သရုပ်ဆောင်များ။

သစ် ပင် စိုက် ပါ ဒို့ က မ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဦးတည်ချက်များကို စွဲမြဲစွာခံယူစောင့်ထိန်းရေး။
- ☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး။
- ☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး။
- ☆ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကလေးသူငယ်ရှင်သန်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြား

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးတွင် အသက်(၅)နှစ်အောက်ကလေးများ သေဆုံးရသည့် အကြောင်းရင်းများအနက် လတ်တလော အသက်ရှူလမ်းကြောင်းတွင်း ပိုးဝင်ခြင်း /နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောခြင်းတို့သည် အဓိကအကြောင်းအရာများဖြစ်ကြောင်း၊ နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါများကြောင့် သေဆုံးရခြင်းကိုလျှော့ချနိုင်မည့် ထိရောက်သောနည်းလမ်းများရှိနေသော်လည်း နိုင်ငံတစ်ဝန်းလုံးရှိ ကလေးများကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရန် လိုအပ်ချက်များရှိနေသေးရာ ကလေးလူနာသေဆုံးမှုကျဆင်းအောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်းဖြင့် မတ် ၁၄ ရက် နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာနၵ်ကျင်းပသည့် ကလေးသူငယ်ရှင်သန်ရေး စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအတွက် လတ်တလောအသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောတို့အတွက် ဆန်းစစ်ခြင်းနှင့် ကုသမှုပေးခြင်းအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်ကိုယ်စားYoung Child Survival and Development Section မှ Chief Dr. Marinus Gotink က အမှာစကားပြောကြားသည်။

ယင်းနောက် Child Survival Forum ကို ကျင်းပရာ ဆွေးနွေးပွဲသဘာပတိ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာဒေါ်သိန်းသိန်းဌေးက အရှေ့တောင်အာရှဒေသအတွင်း (၅)နှစ်အောက်ကလေးများ အသက်ရှူလမ်းကြောင်းတွင်း ပိုးဝင်ခြင်း၊ နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (အမျိုးသမီးနှင့်ကလေး) ဒေါက်တာဒေါ်မြင့်မြင့်သန်းက (၅)နှစ်အောက်ကလေးငယ်များ လတ်တလောအသက်ရှူလမ်းကြောင်းပိုးဝင်ခြင်း၊ နမိုးနီးယားနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုအခြေအနေနှင့် ကလေးသေဆုံးမှုနှုန်းကျဆင်းရေးလုပ်ငန်း ဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ကလေးသူငယ်ရှင်သန်ရေး ကျွမ်းကျင်သူပုဂ္ဂိုလ် (Child Survival Specialist) Dr. Siddharth Nirupan က အမျိုးသားအဆင့် CCM လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအဆင့်ဆင့်အခြေအနေ(Implementation Process on CCM at National Level)ကိုလည်းကောင်း၊ လုပ်ငန်းဆန်းစစ်သူ ဒေါက်တာဒေါ်ကြူကြူသန်းက လုပ်ငန်းဆန်းစစ်မှုရည်ရွယ်ချက်၊ အသုံးပြုနည်းလမ်း (Methodology) တွေ့ရှိချက်၊ အဆိုပြုချက်များကို လည်းကောင်း၊ ထားဝယ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမျိုးသူဇာက ထားဝယ်မြို့နယ်အတွင်း CCM လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအတွေ့အကြုံများ၊ စီမံချက်နှင့် မြို့နယ်အဆင့်ပြည်သူလူထုအခြေပြုလုပ်ငန်းဆောင်ရွက်မှု အတွေ့အကြုံများကိုလည်းကောင်း၊ ခရိုင်ပြည်သူ့ဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်နှင်းနှင်းလွင်က ထားဝယ်မြို့နယ်အတွင်း CCM လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုသင်တန်းအတွေ့အကြုံများကိုလည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး သူနာပြုအရာရှိ ဒေါ်ခင်သန့်ဇင်က ထားဝယ်မြို့နယ်အတွင်း CCM လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်မှုလုပ်ငန်းအတွေ့အကြုံကိုလည်းကောင်း၊ စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများဖြစ်ကြသည့် နော်ဖောအယ်မူးနှင့် စောကဲဒိုတို့က ပြည်သူလူထုအတွင်း CCM လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်မှု အတွေ့အကြုံများကိုလည်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖာပွန်မြို့ CDMA မိုဘိုင်းဆက်သွယ်ရေးစခန်းဖွင့်ပွဲ ကရင်ပြည်နယ်ဝန်ကြီးချုပ် တက်ရောက်

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မင်း ဖာပွန်မြို့ CDMA မိုဘိုင်းဆက်သွယ်ရေးစခန်းဖွင့်ပွဲသို့ တက်ရောက်၍ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၅

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းသည် မတ် ၈ ရက်တွင် ဖာပွန်မြို့ ဥတ္တရာရုံအေးသုခကျောင်း၌ ဖာပွန်မြို့ပေါ်ရှိ ကျောင်းထိုင်ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ညပိုင်းတွင် ဖာပွန်မြို့ ညဈေးတန်းကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ ပံ့ပိုးပေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများသည် မတ် ၉ ရက်တွင် ဖာပွန်မြို့ CDMA မိုဘိုင်းဆက်သွယ်ရေးစခန်း ဖွင့်ပွဲသို့ တက်ရောက်ကြရာ ဖွင့်ပွဲမှခ်ဦးအား ပြည်နယ်ဆက်သွယ်ရေး လက်ထောက်မန်နေဂျာ ဦးမြင့်လွင်၊ ဖာပွန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစောမြတ်ထွဋ်ဝင်းနှင့် ရပ်မိရပ်ဖ ဦးအောင်မြတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဆက်သွယ်ရေးစခန်းနှင့် တယ်လီဖုန်းလိုင်းတို့ကို ပြည်နယ်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးသက်လေပြင်းတိုက်ခတ်မည့် သတိပေးချက်

နေပြည်တော် မတ် ၁၅

မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျားမိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် မုတ်သုံရာသီမကျရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များအား အထူးဂရုပြုနေထိုင်သွားကြရန် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။ (သတင်းစဉ်)

လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှုအား အာရုံစိုက်ရန် အချိန်ကျပြီ

နေပြည်တော် မတ် ၁၅

ယခင်က လူကုန်ကူးခြင်းဟုဆိုလျှင် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ရန်အတွက်သာဟု လူသိများခဲ့ကြသည်။ ယခုအချိန်တွင်တော့ ငါးဖမ်းလုပ်ငန်းများနှင့် ရေလုပ်ငန်းများတွင် လည်းကောင်း၊ စားသောက်ကုန်ထုတ်လုပ်သော လုပ်ငန်းများအပါအဝင် အခြား စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားများအနေဖြင့် လည်းကောင်း၊ အိမ်အကူများအဖြစ်ခိုင်းစေရန်အတွက် လည်းကောင်း လူများအား လုပ်အားခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် ကျွန်များကဲ့သို့ ရောင်းဝယ်နေကြခြင်းမှာ ယနေ့ခေတ်တွင် အများဆုံးတွေ့ရသော လူကုန်ကူးမှုပုံစံတစ်မျိုး ဖြစ်လာသည်။ ယင်းကို တိုက်ဖျက်နိုင်ရန်အတွက်လည်း လူထု၏အာရုံစိုက်မှုကို များစွာလိုအပ်နေသေးသည်ဟု မဲခေါင်ဒေသ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ ထွက်ရှိသည့် မှတ်တမ်းသစ်အရ သိရသည်။

ဝေါလ်ဗီရှင် အင်တာနေရှင်နယ်မှ ရေးသားထုတ်ဝေခဲ့ပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့နှင့် ဝေါလ်ဗီရှင်မြန်မာတို့ ဘာသာပြန်ဆိုထုတ်ဝေသည့်"မဟာမဲခေါင်ဒေသအတွင်း လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှုဆိုင်ရာ သိသင့်သော အချက်(၁၀)ချက်" ဆိုသည့် စာအုပ်တွင် လူအများ သတိမပြုမိသော လူကုန်ကူးမှုနှင့် သက်ဆိုင်သည့် အကြောင်းရင်းမှန် (၁၀)ချက်ကို ဖော်ပြထားသည်။ အဆိုပါ စာအုပ်ကို ထုတ်ဝေရသည့် ရည်ရွယ်ချက်မှာ လူကုန်ကူးမှုနှင့်ပတ်သက်ပြီး လူထုအနေဖြင့် ပိုမိုအမြင်ကျယ်လာစေရန်၊ လူကုန်ကူးမှုကို မည်သူက မည်ကဲ့သို့ တားဆီးနိုင်သည်ကို သိရှိစေရန်ဖြစ်သည်။

အထက်ပါစာအုပ် တရားဝင်ဖြန့်ဝေခြင်းကို မတ် ၆ ရက်က နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပသော လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအစီအစဉ်တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် ကလေးများကို ကာကွယ်ဆေးများထိုးနှံ

ရန်ကုန် မတ် ၁၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြို့သစ်(၇)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၅ ရက် မွန်းတည့် ၁၂ နာရီက ရပ်ကွက်အတွင်းရှိ ၄၅ ရက်မှ ၁ နှစ်ခွဲ ကလေးများအား ရောဂါခြောက်မျိုးထဲမှ ရောဂါသုံးမျိုးကို ပုံမှန်ကာကွယ်ဆေးထိုးခြင်း၊ သုံးလအထက် ကိုယ်ဝန်ဆောင် အမျိုးသမီးများကို မေးခိုင်ကာကွယ်ဆေးထိုးခြင်းများ၊ ကြိုတင်ကာကွယ်ကုသမှုများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရပ်ကွက်ကျန်းမာရေးဆရာမ ဒေါ်အေးအေးတင်ပါနှစ်ဦးက ဦးဆောင်ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးလှဝင်းနှင့် တာဝန်ရှိသူများ၊ ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ ပူးပေါင်းပါဝင်မှုဖြင့် ကလေးများအား အဆုတ်၊ ပိုလီယို၊ အကြောသေ၊ အသည်းရောင်အသားဝါရောဂါသုံးမျိုးကို ပုံမှန်ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား မေးခိုင်ကာကွယ်ဆေးထိုးပေးခြင်းများကို မွန်းလွဲ ၂ နာရီထိ ဆောင်ရွက်ခဲ့ရာ ကလေးငယ် ၃၃ ဦးနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီး ၁၆ ဦးတို့ လာရောက်ကာကွယ်ကုသမှုများ ခံယူခဲ့ကြောင်း သိရသည်။ (၆၈၄)

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

ကျန်းမာရေးရာ ဖတ်စရာ မှတ်စရာ

တွင်တွင်လှုပ်ရှား သင်၏ခါး အစဉ်လေးစားပါ

လူတို့အနေဖြင့် နေ့စဉ်သွားလာလှုပ်ရှားနေရင်း ခန္ဓာကိုယ်၏ အရေးကြီးသော အစိတ်အပိုင်းအချို့ကို အန္တရာယ်မဖြစ်အောင် အမြဲဂရုပြုသင့်ပေသည်။ ဆိုလိုသည်မှာ မိမိခန္ဓာကိုယ်တွင်ပါဝင်သည့် ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများအားလုံးအား မည်သို့မျှ ထိခိုက်ဒဏ်ရာမရရှိအောင် ထိန်းသိမ်းတတ်ဖို့ပင်ဖြစ်သည်။ သွားသတိ၊ လာသတိ၊ စားသတိဖြင့် ထိန်းသိမ်းတတ်ရန်လိုပေသည်။ ဤတွင် ခန္ဓာကိုယ်၏ အစိတ်အပိုင်းများထဲမှ "ခါး"သည် အထူးအရေးကြီးလှပေသည်။ ခါးနှင့်ပတ်သက်၍ မည်သို့ပင်ဖြစ်စေ ကိုက်ခဲနာကျင်လာပါက ကျွမ်းကျင်သော ဆရာဝန်အားပြသ၍ ကုသသင့်သည်။ ထိုသို့ မဟုတ်ပါက ရန်ကုန်မြို့ ပြည်သူ့ဆေးရုံကြီးတွင်ရှိသည့် အကြောအဆစ်ရောဂါကုပညာဌာနသို့ အမြန်ဆုံးပြသ၍ ကုသမှုခံယူသင့်ပေသည်။

အချို့က အလုပ်လုပ်နေရင်း မမျှော်လင့်ဘဲ ခါးကြောညပ်ခြင်း၊ ခါးရိုးကျိုးခြင်း၊ ခါးကိုက်ခြင်း စသည်ဖြင့် ဖြစ်တတ်ကြသည်။ အလွန်ပေါ့ပါးသည့် ပစ္စည်းတစ်ခုကို လှမ်း၍မ,ယူစဉ် မမျှော်လင့်ဘဲ ခါးဝေဒနာပြင်းထန်စွာ ခံစားရခြင်းမျိုး ဖြစ်သည့်အခါ ကာယကံရှင်အနေဖြင့် မိမိနည်းမိမိဟန်ဖြင့် ကုသခြင်းမျိုးထက် တတ်ကျွမ်းနားလည်သည့် ဆရာဝန်ဖြင့် ပြသကုသသင့်ပေသည်။

ခန္ဓာကိုယ်တစ်ခုလုံးအတွက်"ခါး" သည် အလွန်အရေးကြီးပေသည်။ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင်ရှိသည့် အကြောအဆစ်ရောဂါကုပညာဌာနအနေဖြင့် လူတန်းစားမရွေး စေတနာထား ဆောင်ရွက်ကုသပေးရာတွင် ဖြစ်လာသည့် ရောဂါဝေဒနာရှင်များ၏ ဖြစ်တည်မှုပေါ်တွင် သေချာစစ်ဆေး၍ ညွှန်ကြားမှုပေးခြင်း၊ ကုသပေးခြင်း၊ ဆေးရုံတင်သင့်သည့် လူနာများအား ဆေးရုံတင်၍ ကုသပေးခြင်းတို့ကို စနစ်တကျစီစဉ်ပြုလုပ်ပေးနေသည်။ အဆိုပါအကြောအဆစ်ရောဂါ အထူးကုပညာ ကိုယ်အင်္ဂါ ပြန်လည်သန်စွမ်းရေးဆေးပညာဌာနအနေဖြင့် ကုသမှုပေးရာတွင် တက်ရောက်ကုသမှု ပြုကြသည့် ပြင်ပလူနာများအားလည်း လိုအပ်သည့် ဆေးဝါးနှင့် ခန္ဓာကိုယ်လေ့ကျင့်ခန်းများ ပြုလုပ်ပေးခြင်းနည်းတူ အတွင်းလူနာများကိုလည်း အချိန်ပြည့် ကုသပေးလျက်ရှိပေသည်။ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာရက်များတွင် ဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များမှ နံနက်ပိုင်းမှ စတင်ကာ လူနာများအား စစ်ဆေးကုသမှုများပြုလုပ်ပေးပြီး လူနာတစ်ဦးချင်းအား သေချာစွာ စစ်ဆေးမေးမြန်း၍ လိုအပ်သည်များ ညွှန်ကြားပေးလျက်ရှိသည်။ ပြီးလျှင်လေ့ကျင့်ခန်း ခန်းမကြီးသို့သွား၍ လေ့ကျင့်ခန်းများ လုပ်ကြရသည်။ ဖြစ်နေသည့်ဝေဒနာကို ဆရာဝန်ကြီးများက ညွှန်ကြားသွားသည့်အတိုင်း လေ့ကျင့်ခန်းတာဝန်ခံဆရာ ဆရာမလေးများကလည်း စိတ်ရှည်စွာပင် လေ့ကျင့်ပြုလုပ်ပေးလျက် ရှိပေသည်။

နေ့စဉ်နံနက်ပိုင်းအချိန်တွင် တာဝန်ကျဆရာမလေးများက လူနာများအား သွေးပေါင်ချိန်ခြင်း၊ လူနာသောက်သုံးသည့် ဆေးဝါးများအား စစ်ဆေးပေးခြင်း၊ တာဝန်ကျဆရာဝန်ကလည်း နေ့စဉ် နံနက်တစ်ကြိမ် ညနေတစ်ကြိမ် စစ်ဆေးပေးခြင်း၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာရက်များတွင် ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်များ၊ ဆရာဝန်များ နေ့ဝက်ကျိုးသည်အထိ စစ်ဆေးကုသမှုပြုကြသည်။ အဆိုပါကုသဆောင်တွင် အနယ်နယ်အရပ်ရပ်မှ မျိုးစုံလှသော ဝေဒနာတို့ဖြင့် ရောက်ရှိလာကြသည်။ နွားလှည်းမှောက်သူများ၊ သစ်ပင်ပေါ်မှပြုတ်ကျခြင်း၊ ခါးရိုးခါးကြောနှင့် ပတ်သက်၍ အမျိုးမျိုးဖြစ်ခြင်း စသည်ဖြင့် လူနာအမျိုးစုံလင်လှသော်လည်း ဆရာဝန်ကြီးများနှင့် ဆရာ ဆရာမများ၏ အလေးထား စေတနာထား ကုသပေးမှုတို့ကြောင့် ပျောက်ကင်းသွားကြပေသည်။ ခွဲစိတ်ကုသရမည့်လူနာကို မခွဲမစိတ်ရဘဲ အောင်မြင်စွာ ကုသပေးနိုင်သည်မှာလည်း ဤဌာနမှ ဆရာဝန်ကြီးများ၏ မေတ္တာ စေတနာနှင့် ကျွမ်းကျင်မှုပညာတို့ပင်ဖြစ်သည်။ အထူးသဖြင့် ခါးနှင့်ပတ်သက်၍ ဘေးဖြစ်သောအလေ့အကျင့်နှင့် ခါးအပေါ်အလွန်အမင်းအားစိုက်ခြင်းကို ရှောင်ကြဉ်ရန် အလွန်အရေးကြီးပေသည်။

ထို့ကြောင့် အရေးကြီးသည့် ခါးနှင့်ပတ်သက်၍ အလေးအပင်မ,လျှင် ခြေထောက်ကိုကွေးပါ။ ခါးကို အဖြစ်နိုင်ဆုံး မတ်မတ်ထားပါ။ လိုအပ်လျှင် ဒူးကိုကွေးပါ။ ဝန်ထုပ်ကို ကိုယ်နှင့်ကပ်ထားပါ။ ဝန်သိပ်လေးပါက အကူအညီရှာပါ၊ မတ်တတ်ရပ် အလုပ်လုပ်ပါက မကြာခဏပုံစံပြောင်းပေးပါ၊ ခေါင်းမော့၍ ခါးမတ်ထားပါ၊ လမ်းလျှောက်လျှင် ခေါင်းမော့ရင်ကော့၍ ခြေချောင်းများရှေ့တူရူသို့တည်ပြီး ပုံကျကျလျှောက်ပါ၊ မော်တော်ယာဉ်မောင်းလျှင် ခါးကိုမတ်မတ်ထားပါ၊ ဒူးနှင့်တင်ပါးကို တညီတည်းထားပါ၊ ခါးနောက်တွင် တဘက်ကိုလိပ်၍ ခုထားပါ၊ အောက်ခံမာ၍ စပရိန်တပ်ထားသော အခင်း(သို့မဟုတ်) မွေ့ရာပေါ်တွင်အိပ်ပါ၊ စောင်းအိပ်လျှင် ဒူးချင်းထပ်၍ကွေးအိပ်ပါ၊ ပက်လက်အိပ်လျှင် ဒူးအောက်တွင် ကူရှင်ခုအိပ်ပါ။ ဤကား ခါးနှင့်ပတ်သက်၍ ဆောင်ရန်အချက်များပင်ဖြစ်သည်။ ရှောင်ရန်အနေဖြင့် အလေးအပင် မ,စဉ် ခါးကိုင်းခြင်း၊ ခါးလိမ်ခြင်းမရှိစေရပါ။ ခါးရိုးဆစ်ပေါ်သို့ အလွန်ကြီးမားသော ဒဏ်ဖြစ်စေနိုင်၍ ဝန်အလေးကို လက်တစ်ဆန့် ပခုံးထက်သို့မပင့်ရ၊ ပုံစံတစ်မျိုးတည်းတွင် ကြာကြာမရပ်ရ။ ဒူးမကွေးဘဲ ခါးကိုင်း၍ အလေး မ,မရ၊ အိ၍ဝင်နိုင်သော ဆိုဖာခုံမျိုးတွင် ကြာကြာမထိုင်သင့်၊ အလုပ်လုပ်ရာစာရေးစားပွဲနှင့် လှမ်းသော (သို့မဟုတ်)ကြမ်းပြင်အထက် အတော်မြင့်သောခုံတွင် မထိုင်ရ၊ ရှေ့သို့ကိုင်း၍ ခါးကိုကွေးနေအောင်မလုပ်ရ၊ ဝမ်းလျားမှောက်၍ မအိပ်ရ၊ အောက်ခံအမာမပါသော ဖျာ၊ မွေ့ရာပေါ် မအိပ်သင့်ပါ။ ထိုသို့ လူ့ခန္ဓာကိုယ်တွင် အရေးကြီးသည့် ခါးနှင့်ပတ်သက်သော ဆောင်ရန်ရှောင်ရန်တို့အား ဂရုပြုရင်း သင်၏ခါးအား အစဉ်အလေးထားစေလိုကြောင်း ရေးသားလိုက်ရပါသည်။

(တင်မောင်ငွေ-သန်လျင်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်အား ထိုင်းနိုင်ငံသွေ့အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်အား ထိုင်းနိုင်ငံ Empire Asia Energy Group Co.,Ltd. ဥက္ကဋ္ဌ Dr. Tongchat Hongladaromp ဦးဆောင်သော အဖွဲ့သည် မတ် ၁၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဝန်ကြီးချုပ်၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** ဧရာဝတီတိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သမဝါယမနှစ် ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲကျင်းပမည်

မန္တလေး မတ် ၁၅

မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်တို့ ပူးပေါင်း၍ ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ် အထိမ်းအမှတ် ဖိတ်ခေါ်ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံအရပ်ရပ်မှ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ၁၀ လက်မ × ၁၂ လက်မ ထက် မငယ်သော ၁၀ လက်မ × ၁၅ လက်မထက်မကြီးသော အရွယ်အစားဓာတ်ပုံများဖြင့် ပြိုင်ပွဲဝင်တစ်ဦးလျှင် ရောင်စုံဓာတ်ပုံသုံးပုံထိ ပေးပို့ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်တစ်ဦးလျှင် ဆုတစ်ဆုသာ လက်ခံရရှိမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောင်စုံဓာတ်ပုံများသည် မိမိကိုယ်တိုင်ရိုက်ကူးကြောင်းနှင့် ပြည်တွင်းပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်း မရှိကြောင်း ဝန်ခံချက် ပါရှိရမည်ဖြစ်ပြီး ဒစ်ဂျစ်တယ်နည်းဖြင့် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများ မပြုလုပ်ရပါ။ ထို့ပြင် ဓာတ်ပုံနှင့်စပ်လျဉ်းသော အကြောင်းအရာ အပြည့်အစုံပါရှိရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်အမှတ်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်များကို ရှင်းလင်းစွာရေးသား ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဆုများအဖြစ် ပထမဆုငွေကျပ် နှစ်သိန်း၊ ဒုတိယဆု ငွေကျပ်တစ်သိန်းငါးသောင်း၊ တတိယဆု ငွေကျပ်တစ်သိန်းနှင့် အထူးဆု သုံးဆုအား ငွေကျပ် ငါးသောင်းစီ ချီးမြှင့်မည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး သမဝါယမ ဦးစီးဌာန လမ်း ၃၀၊ ၆၈လမ်း နှင့် ၇၀လမ်းကြား ရုံးကြီးဝင်း မန္တလေးမြို့ ဖုန်း-၀၉-၂၀၀၀၆၄၉၊ ၀၉- ၂၀၂၂၂၇၂၊ ၀၉-၉၁၀၅၆၇၈၅ သို့ ဧပြီ ၆ ရက် ညနေ ၄ နာရီ နောက်ဆုံးထားကာ အရောက်ပေးပို့ရမည်ဖြစ်သည်။ ဓာတ်ပုံပြိုင်ပွဲအတွက် သမဝါယမအသင်း လှုပ်ရှားမှုများကို ရိုက်ကူးပေးပို့နိုင်မည်ဖြစ်ပြီး ဧပြီ ၄ရက်မှ ၈ရက်ထိ မန္တလေးဈေးချိုတော်ဈေး သမဝါယမအသင်း လီမိတက်မှ ကျင်းပမည့် သမဝါယမဈေးပွဲတော်နှင့် ပြပွဲပြိုင်ပွဲများကိုလည်း ရိုက်ကူးနိုင်ကြောင်း သိရသည်။ (၀၀၂)

ကျုံးရေသန့်ရှင်းရေး ပြင်ဆင်ထိန်းသိမ်းမှု ဆောင်ရွက်

နေပြည်တော် မတ် ၁၅

မန္တလေးတိုင်းဒေသကြီး ဆည်မြောင်း ဦးစီးဌာနက ကျုံးရေသန့်ရှင်းရေးအတွက် ရေသွင်းမြောင်းတစ်လျှောက် နုန်းများ ဆယ်ယူခြင်း၊ ချုံနွယ်အမှိုက်များ ရှင်းလင်းခြင်း၊ ပျက်စီးနေသော မြေထိန်းနံရံများ ပြုပြင်ခြင်းလုပ်ငန်းများကို ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် ဆောင်ရွက်လျက်ရှိပြီး နန်းမြို့ရှိ ကျုံးရေမျက်နှာပြင်မှာ ကျဆင်းလျက်ရှိပြီး ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံ မြို့နယ်များအတွင်း ကျုံးရေပေးဝေရေးမှ သွယ်ယူထားသော အများသုံးရေကန်များ၊ နေအိမ်များ၌ ရေရရှိမှုအားနည်းလျက်ရှိသည်။

နန်းမြို့ကျုံး**(ယာပုံ)**အတွင်း ရေများအား ဆည်တော်ကြီးမှတစ်ဆင့် ရေသွယ်မြောင်းဖြင့် ပို့လွှတ်ပြီး နန်းရှေ့ရေစစ်ကန်တွင် အနည်ထိုင် ရေသန့်စင်မှုပြုလုပ်ကာ ကျုံးအတွင်း ရေပို့လွှတ်ခြင်းဖြစ်သည်။

(သီဟကိုကို-မန္တလေး)

၂၀၁၂ ခုနှစ် နွေရာသီဖိတ်ခေါ် 3 on 3 အလွတ်တန်းနှင့် (၁၆)နှစ်နှင့်အောက် ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၅

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ နွေရာသီဖိတ်ခေါ် 3 on 3 အလွတ်တန်းနှင့် (၁၆)နှစ်နှင့်အောက် အမျိုးသား/ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲကို မေ ၅ ရက်မှ ၇ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အသင်းတစ်သင်းလျှင် လေးဦးဖြင့်ဖွဲ့စည်း၍ ခရီးစရိတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးမှလွဲ၍ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအား တစ်သင်းလျှင်ငွေကျပ် လေးသောင်း ထောက်ပံ့မည်ဖြစ်ပြီး တည်းခို နေထိုင်စားသောက်စရိတ်များကိုလည်း မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်က တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်သည်။

မေ ၂ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်သို့ အမည်စာရင်းပေးသွင်း ရမည်ဖြစ်ကြောင်းနှင့် ဖုန်း-၅၅၆၉၅၂ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အငှမအကြိမ် စွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်ပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် မတ် ၁၅

၂၀၁၂ ခုနှစ် အငှမအကြိမ် စွန်အလှပြိုင်ပွဲနှင့် စွန်ဖြတ်ပြိုင်ပွဲများကို ဧပြီ ၃ ရက်မှ ၈ ရက်အထိ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျိုက္ကဆံကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ဆုကြေးများ ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၌ စွန်ဖြတ်တစ်ဦးချင်းပြိုင်ပွဲ၊ အသင်းလိုက်စွန်ဖြတ်ပြိုင်ပွဲနှင့် စွန်အလှပြိုင်ပွဲဟူ၍ ပြိုင်ပွဲသုံးပွဲ ကျင်းပမည်ဖြစ်ရာ ဝန်ကြီးဌာနအသင်းများ၊ တပ်မတော်၊ တိုင်းဒေသကြီးအသင်းများ၊ ပြည်နယ်အသင်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာနအသင်းများ၊ မြို့နယ်အသင်းများ၊ ကလပ်အသင်းများနှင့် စက်ရုံအလုပ်ရုံအသင်းများ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုထားပြီး ပြိုင်ပွဲကို ရှုံး/ထွက် စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲများအနက် စွန်အလှပြိုင်ပွဲသည် ယခုနှစ်မှစတင်၍ ကျင်းပမည်ဖြစ်ရာ စွန်အလှပြိုင်ပွဲဝင်များသည် စွန်အလှပြိုင်ပွဲ စည်းမျဉ်းစည်းကမ်းများကို မြန်မာနိုင်ငံ ရိုးရာ အားကစားအဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်း)၌ တောင်းယူပြီး အမည်စာရင်းကို လည်းကောင်း၊ စွန်ဖြတ်ပြိုင်ပွဲဝင်များသည်လည်း ပြိုင်ပွဲဝင်အမည်စာရင်းကိုလည်းကောင်း မတ် ၁၄ ရက်မှ ၂၉ ရက်အတွင်း ပေးသွင်းရမည်ဖြစ်ပြီးပြိုင်ပွဲနှင့် စပ်လျဉ်း၍ ဖုန်း-၀၉-၄၉၂၅၄၇၈၃ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

စစ်တုရင်ပြိုင်ပွဲများ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၁၅

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော စစ်တုရင်ပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ စင်ထရယ်ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ကွန်ပျူတာစစ်တုရင်ကော်မတီဥက္ကဋ္ဌ ဦးသာဇံက ပထမအကြိမ် ကွန်ပျူတာနှင့် မြန်မာ့လက်ရွေးစင်များ စစ်တုရင်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ဝင်းထွန်း၊ နေကျော်ထွန်း၊ အောင်မျိုးလှိုင်နှင့် ဇော်ဦးတို့အား ဂုဏ်ပြုဆုများချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီအဖွဲ့ဝင် မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက ၂၀၁၂ခုနှစ် အမျိုးသမီးတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ မေဆုလွင်၊ ဒုတိယဆုရ မေဆက်လွင်နှင့် တတိယဆုရ ထက်ထက်သန်းစိန်တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ၂၀၁၂ ခုနှစ် အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ ဝင်းထွန်း(ပြည်ထဲရေးဝန်ကြီးဌာန)အား လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဝင်းအောင်က ဒုတိယဆုရ နေဦးကျော်ထွန်း(ပြည်ထဲရေးဝန်ကြီးဌာန)အား လည်းကောင်း၊ အထွေထွေအတွင်းရေးမှူး ဦးခင်မောင်ဦးက တတိယဆုရ အောင်မျိုးလှိုင်(ပြည်ထဲရေးဝန်ကြီးဌာန)အား လည်းကောင်း ဆုများကို ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်က အမျိုးသမီးတံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ မေဆုလွင်နှင့် ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာနဝန်ကြီး ဦးသန်းမြင့်က အမျိုးသားတံခွန်စိုက် စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ ဝင်းထွန်း(ပြည်ထဲရေးဝန်ကြီးဌာန)တို့အား တံခွန်စိုက်ဒိုင်းဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ လေ့လာရေးခရီးအတွက် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မတ် ၁၅

အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် သစ္စာအကျိုးတော်ဆောင်လုပ်ငန်းတို့ ပူးပေါင်း၍ ကျိုက်ထီးရိုး၊ ကျိုက်သလ္လံ၊ ကျိုက္ခမီနှင့် စက်စဲကမ်းခြေ၊ မွန်ပြည်နယ် ဘုရားများဖူးမြော်ရေးနှင့် လေ့လာရေးခရီးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၁ ရက်က အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ ကျင်းပရာ အခမ်းအနားတွင် အင်းစိန်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ လေ့လာရေးအဖွဲ့ခေါင်းဆောင် ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)၊ အတွင်းရေးမှူး ဦးစိုးဝင်းမောင် (ရွှေတိုက်စိုး)နှင့် အမှုဆောင်များက လက်ခံရယူသည်။ လိုက်ပါလှူဒါန်းလိုသူများသည် ဖုန်း-၆၄၇၁၆၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရှိရသည်။ **(အောက်ပုံ)**

(မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့)

နိုင်ငံတကာ အားကစား သတင်း

ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းသို့ သွားရောက်ကစားရန် ဆွာရက်ဇ်စဉ်းစားနေ

လန်ဒန် မတ် ၁၅

ပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတွင် လက်ရှိကစားနေသည့် ဥရုဂွေးအသင်းမှ ကစားဖော် ဒီယေဂို လူဂါနိုနှင့်အတူ ကစားရန် ဆန္ဒရှိနေကြောင်း လီဗာပူးတိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်က ထုတ်ဖော်ပြောကြားခဲ့သည်။



ဆွာရက်ဇ်သည် ယခုနှစ်ဘောလုံးရာသီအတွင်း လီဗာပူးအသင်းအတွက် ၂၁ ပွဲ ပွဲထွက်ကစားခဲ့သော်လည်း ခြောက်ဂိုးသာ သွင်းယူနိုင်ခဲ့သည်။ ၎င်းသည် ၂၀၁၁ ခုနှစ် ဇန်နဝါရီလအတွင်းက အိုင်းယက်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။ သို့သော် ယခုနှစ် အောက်တိုဘာလအတွင်းက မန်ယူနှင့် ကစားခဲ့သည့်ပွဲစဉ်အတွင်း မန်ယူနောက်ခံလူ ပက်ထရစ်အီဗရာကို လူမျိုးရေးခွဲခြားပြောဆိုခဲ့မှုကြောင့် ပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရပြီးနောက် ပရိသတ်များ၏ သို့လောသို့လော ဝေဖန်မှုများနှင့် ရင်ဆိုင်နေရသည်။

ထို့ကြောင့် ဆွာရက်ဇ်အနေဖြင့် ဝေဖန်မှုများကို ကျော်လွှားနိုင်ရန် အသင်းအတွက် အောင်မြင်မှုများကို ဆောင်ကြဉ်းပေးမည်လား သို့မဟုတ် ဝေဖန်မှုများကို ခေါင်းရှောင်ပြီး ပီအက်စ်ဂျီအသင်းသို့ ပြောင်းရွှေ့သွားမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်ရာကိစ္စတစ်ခုဖြစ်လာခဲ့သည်။

အင်တာနက်။

ဟိန်းထက်လင်း

မဟာအောင်မြေမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခဲ့

နေပြည်တော် မတ် ၁၅

မန္တလေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနသည် မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ စတင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ မတ် ၁၂ ရက် နံနက် ၉ နာရီတွင် မဟာအောင်မြေမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ နိုင်ငံသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

ဆိုင်ကယ်နောက်မှ ပြုတ်ကျသူ ဆေးရုံတင်ကုသစဉ် သေဆုံး

ပုသိမ် မတ် ၁၅

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အိမ်မဲ-ပန်းတနော်ကားလမ်း မနန်းဒွေးတံတားအနီးတွင် မတ် ၉ ရက် ညနေ ၃ နာရီခန့်က အမျိုးသမီးတစ်ဦး ဆိုင်ကယ်ပေါ်မှ ပြုတ်ကျပြီး ဦးခေါင်းတွင် ဒဏ်ရာရရှိသဖြင့် ဆေးရုံတင်ကုသစဉ် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အိမ်မဲမြို့နယ် ရေသိုးညောင်ဝိုင်းကျေးရွာအုပ်စု ရေနက်ကွင်းကျေးရွာနေ ကျော်လင်း (၃၅)နှစ် မောင်းနှင်သော ဆိုင်ကယ်ကို ချောင်းဝရွာနေ ဒေါ်စိန်ရွှေ (၅၂)နှစ်က စီးနင်းလိုက်ပါလာစဉ် မနန်းဒွေးတံတားအနီးတွင် ဒေါ်စိန်ရွှေမှာ ဆိုင်ကယ်နောက်ခုံပေါ်မှ ပြုတ်ကျသဖြင့် ဦးခေါင်းယာဘက်နောက်စေ့ပေါက်ပြဲဒဏ်ရာ ရရှိသွားခြင်းကြောင့် အိမ်မဲဆေးရုံသို့ တင်ပို့ကုသထားရကြောင်း ဒေါ်စိန်ရွှေ၏သား ဝင်းစိုး(၂၉)နှစ်၏ တိုင်တန်းချက်အရ အိမ်မဲရဲစခန်းက (ပ) ၁၇-၂၀၁၂၊ ပုဒ်မ ၂၇၉/၃၃၈ ဖြင့် ဆိုင်ကယ်မောင်းသူအား အမှုဖွင့် အရေးယူထားစဉ် ဒေါ်စိန်ရွှေသည် ရရှိထားသော ဒဏ်ရာဖြင့် သေဆုံးသွားခြင်းကြောင့် အမှုကို ပုဒ်မ ၃၀၄ (က)ဖြင့် ပြောင်းလဲဖွင့်လှစ်ထားကြောင်း သိရသည်။

(၅၅၂)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး(၂၀)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများ တင်သွင်းဆွေးနွေး

နေပြည်တော် မတ် ၁၅

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၂၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ **၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးခြင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာတို့က ပြင်ဆင်ချက်အဆိုများ တင်သွင်းကြပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဆိုများနှင့် စပ်လျဉ်း၍ တင်ပြသည်။

ဥပဒေကြမ်းပါ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃(က)၊ အပိုဒ် ၄(က၊ ဃ)၊ မူလအပိုဒ် ၅ အောက်တွင် အပိုဒ် ၆၊ ၇၊ ၈၊ ၉၊ ၁၀၊ ၁၁ တို့ကို အသစ်ဖြည့်စွက်ရန်တို့နှင့် စပ်လျဉ်း၍ သူရဦးရွှေမန်း၏ ပြင်ဆင်ချက်အဆိုအတိုင်း လည်းကောင်း၊ အပိုဒ် ၄(ခ)၊ မူလအပိုဒ် ၆ ကို ပယ်ဖျက်ပြီး အပိုဒ်(၂)ခုကို အပိုဒ် ၁၂၊ ၁၃ အဖြစ် ဖြည့်စွက်ရန်တို့နှင့် စပ်လျဉ်း၍ ဦးစိုးသာ၏ ပြင်ဆင်ချက် အဆိုအတိုင်း လည်းကောင်း၊ အပိုဒ် ၃ (ခ၊ ဂ၊ ဃ၊ င)၊ အပိုဒ် ၄ (ဂ၊ င၊ စ)၊ အပိုဒ် ၅ တို့နှင့် စပ်လျဉ်း၍ မူလပြဋ္ဌာန်းချက်အတိုင်း လည်းကောင်း အတည်ပြုဆုံးဖြတ်ခဲ့ကြောင်းနှင့် ဥပဒေကြမ်း၏ အမည်၊ နိဒါန်းနှင့်အခန်းခေါင်းစဉ်များ၊ ဥပဒေကြမ်း၏ပူးတွဲဇယား ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ဥပဒေကြမ်း၏ နောက်ဆက်တွဲ ၁ ကဏ္ဍအလိုက် မူဝါဒနှင့် ရည်မှန်းချက်တို့ကို ဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အတည်ပြုဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး(၂၀)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းဥပဒေကြမ်း၏နောက်ဆက်တွဲ ၂ နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုများအား တွံတေးမဲဆန္ဒနယ်မှ ဦးစိုးသာ၊ မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးတင်မောင်ဦး၊ မင်းလှမဲဆန္ဒနယ်မှ ဦးမောင်တိုး၊ ငွမဲဆန္ဒနယ်မှ ဦးကြည်သာ၊သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမျိုးမြင့်နှင့် မုဒုံမဲဆန္ဒနယ်မှ ဦးမြသိန်းတို့က တင်သွင်းကြပြီး အဆိုများနှင့် စပ်လျဉ်း၍ သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသိန်းညွန့်၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်အတွင်းရေးမှူး ဦးစစ်မြိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်စိန်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းတို့က တင်ပြကြသည်။

ဥပဒေကြမ်း၏နောက်ဆက်တွဲ ၂ နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှု လျာထားချက်နှင့် စပ်လျဉ်းသော ပြင်ဆင်ချက်အဆိုများ ဖြစ်သည့် နိုင်ငံတော်သမ္မတရုံး အထူးဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများ၏ လုပ်ငန်းပမာဏ(၃၁ ဒသမ ၃၆၅) ရာခိုင်နှုန်းလျှော့ချရန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းတို့၏ လုပ်ငန်းပမာဏ(၁ ဒသမ ၇၇) ရာခိုင်နှုန်းလျှော့ချရန်၊ အားကစားဝန်ကြီးဌာန လမ်းလယ်ကျွန်းနှင့် မြေယာရှုခင်း ပြုလုပ်ပေးခြင်း လုပ်ငန်း၏ လုပ်ငန်းပမာဏ (၂၀ ဒသမ ၂၆)ရာခိုင်နှုန်း လျှော့ချရန်၊

စာမျက်နှာ ၃ ကော်လံ ၁ သို့◆

ပြည်ထောင်စု လွှတ်တော် အစည်းအဝေး(၂၀)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော်အတွင်း ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော ဒေသများတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်များ ခံစားခွင့်ပြု

နေပြည်တော် မတ် ၁၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးရုံး၏ ၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက် (၂၀၁၂ ခုနှစ်၊ မတ်လ ၁၅)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၁၂) ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသော မြို့နယ်နှင့် မြို့နယ်ခွဲ (၈၇) ခုတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား လစဉ် အပိုထောက်ပံ့ကြေး ၃၀၀၀၀ ကျပ်အပြင် လက်ရှိလစဉ်ထုတ်ယူရရှိနေသောလစာနှင့်ညီမျှသည့်ငွေကိုပါ ဒေသစရိတ်အဖြစ် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်ကြောင်း သတင်းရရှိသည်။

အဆိုပါမြို့နယ်နှင့် မြို့နယ်ခွဲ(၈၇)ခုမှာ ကချင်ပြည်နယ်တွင် အင်ဂျန်းယန်မြို့နယ်၊ ဆော့လော်မြို့နယ်၊ ဆွမ်ပရာဘွမ်မြို့နယ်၊ ခေါင်လန်ဖူးမြို့နယ်၊ နောင်မွန်းမြို့နယ်၊ ရှင်ဗွေယန်မြို့နယ်ခွဲ၊ ပန်နန်းဒင်မြို့နယ်ခွဲ၊ ပူတာအိုမြို့နယ်၊ တနိုင်းမြို့နယ်၊ ချီဗွေမြို့နယ်၊ မချမ်းဘောမြို့နယ်၊ ဆင်ဘိုမြို့နယ်ခွဲ၊ ပန်ဝါမြို့နယ်ခွဲ၊ မြို့လှမြို့နယ်ခွဲ၊ ဒွေါဖုန်းယန်မြို့နယ်ခွဲ၊ ကယားပြည်နယ်တွင် ရှားတောမြို့နယ်၊ မယ်စဲ့မြို့နယ်၊ ဖားဆောင်းမြို့နယ်၊ ရွာသစ်မြို့နယ်ခွဲ၊ ဘော်လခဲမြို့နယ်၊ ကရင်ပြည်နယ်တွင် စုကလိမြို့နယ်ခွဲ၊ ဝေါလေမြိုင်မြို့နယ်ခွဲ၊ ဖာပွန်မြို့နယ်၊ သံတောင်ကြီးမြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ရှမ်းရွာသစ်မြို့နယ်ခွဲ၊ ဘောဂလိမြို့နယ်ခွဲ၊ လိပ်သိုမြို့နယ်ခွဲ၊ ဘုရားသုံးဆူမြို့နယ်ခွဲ၊ ကျိုက်ဒုံမြို့နယ်ခွဲ၊ ချင်းပြည်နယ်တွင် တွန်းဇံမြို့နယ်၊ ထန်တလန်မြို့နယ်၊ မတူပီမြို့နယ်၊ ကျီခါးမြို့နယ်ခွဲ၊ ရေဇွာမြို့နယ်ခွဲ၊ ဖလမ်းမြို့နယ်၊ ဟားခါးမြို့နယ်၊ တီးတိန်မြို့နယ်၊ မင်းတပ်မြို့နယ်၊ ပလက်ဝမြို့နယ်၊ ကန်ပက်လက်မြို့နယ်၊ ရိခေါ်ဒါရ်မြို့နယ်ခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်၊ မိုပိုင်းလွတ်မြို့နယ်ခွဲ၊ ထန်ပါခွေမြို့နယ်ခွဲ၊ ဒုံဟီးမြို့နယ်ခွဲ၊ ပန်ဆောင်မြို့နယ်ခွဲ၊ ပင်လယ်ဘူးမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ခန္တီးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးတွင် ကျွန်းစုမြို့နယ်၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲ၊ ရခိုင်ပြည်နယ်တွင် မာန်အောင်မြို့နယ်၊ တောင်ပြိုလက်ဝဲမြို့နယ်ခွဲ၊ ရန်ကုန်တိုင်းဒေသကြီးတွင် ကိုကိုးကျွန်းမြို့နယ်နှင့် ရှမ်းပြည်နယ်တွင် မက်မန်းမြို့နယ်၊ ပန်ဆန်းမြို့နယ်၊ နားဖန်းမြို့နယ်၊ ပန်ဝိုင်မြို့နယ်၊ မိုင်းမောမြို့နယ်၊ မိုင်းပေါက်မြို့နယ်ခွဲ၊ မိုင်းခုတ်မြို့နယ်ခွဲ၊ မုံးထမြို့နယ်ခွဲ၊ မန်ကန်မြို့နယ်ခွဲ၊ မော်ထိုက်မြို့နယ်ခွဲ၊ လင်းခေးမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလားမြို့နယ်၊ မိုင်းဆတ်မြို့နယ်၊ မိုင်းတုံမြို့နယ်၊ မဘိမ်းမြို့နယ်၊ မန်တုံမြို့နယ်၊ ကုန်းကြမ်းမြို့နယ်၊ ဟိုမိန်းမြို့နယ်ခွဲ၊ ကျိုင်းတောင်းမြို့နယ်ခွဲ၊ ပုံပါကျင်မြို့နယ်ခွဲ၊ မိုင်းယုမြို့နယ်ခွဲ၊ ပန်လုံမြို့နယ်ခွဲ၊ ကျေးသီးမြို့နယ်၊ မိုင်းကိုင်မြို့နယ်၊ မိုင်းခတ်မြို့နယ်၊ မုန်းကိုးမြို့နယ်ခွဲတို့ဖြစ်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအရပ်ရပ်တွင် အနောက်တောင်မုတ်သုံရာသီ မကျရောက်မီကာလအတွင်း နေ့အပူချိန်များ မြင့်တက်လာရာမှ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများ တိုက်ခတ်နိုင်သည်။